မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာရှိ နမ့်ပေါင်ချောင်းကူး နမ့်ပေါင်တံတားသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နမ့်ပေါင်ချောင်းကူး နမ့်ပေါင်တံတားသစ် လားရှိုးမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်
ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)အကြား အဓိကဆက်သွယ်သွားလာနိုင်

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တန် ၆၀ ခံနိုင်ရည်ရှိ နမ့်ပေါင်ချောင်းကူး နမ့်ပေါင်တံတားသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ●

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အရည်အချင်းမြင့် အင်ဂျင်နီယာများ မွေးထုတ်ပေးလျက်ရှိသော နည်းပညာတက္ကသိုလ်(မုံရွာ)

မုံရွာ ဩဂုတ် ၂၅ (ဖက်စ်)

မုံရွာမြို့မှ ထွက်လိုက်သည်နှင့် ခံ့ညားသောအဆောက်အအုံကို ထင်ရှားစွာ လှမ်းမြင်ရသည်။ မုံရွာမြို့ အလှကို ထပ်ဆင့်တင့်တယ်စေသည့် မြင်ကွင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အတတ်ပညာရှင်၊ နည်းပညာရှင်များ မွေးထုတ်ပေးရာ နည်းပညာတက္ကသိုလ်(မုံရွာ)····။

မွေးထုတ်ပေးရာ

စစ်ကိုင်းတိုင်း မုံရွာမြို့ သမ္ဗုဒ္ဓေဘုရားအနီးတည်ရှိသော နည်းပညာတက္ကသိုလ်(မုံရွာ) မြေသည် ၄၈ ဒသမ ၂၀၉ ဧကကျယ်ဝန်းသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် အင်ဂျင်နီယာများ မွေးထုတ်ပေးရာ ပညာ့မြေသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

သတင်းခရီးသည်
ကျော့မောင်မောင်
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဩဂုတ် ၂၆ ရက်)

မြေ၊ ရေ၊ သယံဇာတများ တန်ဖိုးမြှင့်အသုံးချ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးထမ်းပဲ့ထမ်း လက်တွဲပါဝင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဒေသစိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ်လ ၂၃ရက်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် မိုးခေါင်ရေရှား အညာဒေသ၌ ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ စက်ရေတွင်းများကို တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိရာ ရေရှားပါးသောဒေသများဖြစ်သည်နှင့်အမျှ ရေအရင်းအမြစ်များကို ဒေသခံပြည်သူများက တန်ဖိုးရှိရှိ အသုံးပြုသွားကြရမည်ဖြစ်သည်။

သမားရိုးကျစိုက်ပျိုးမှုကိုကျော်လွန်၍ နှစ်သီး၊ သုံးသီးရရှိရန် ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ပြီး အပူပိုင်းဒေသ ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် တောင်သူများ တိုးချဲ့စိုက်ပျိုးကြပါက ဝင်ငွေတိုးပြီး အမြတ်အစွန်းများစွာ ရရှိနိုင်မည်ဖြစ်သည်။

မြေသယံဇာတ၊ ရေသယံဇာတတို့ကို တန်ဖိုးမြှင့်တင်အသုံးချပြီး ယာမြေကိုလယ်မြေအဖြစ် ပြောင်းလဲရေး၊ စပါးတစ်သီးစိုက်ပြီး အခြားဝင်ငွေကောင်းသော သီးနှံများကို သီးထပ်များအဖြစ် ရွေးချယ်စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး၊ ပေါင်းစည်းလယ်ယာစနစ် ကျင့်သုံးအကောင်အထည်ဖော်ရေးတို့ကို တောင်သူများအပိုင်းက ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနိုင်မှသာလျှင် အခြားစီးပွားရေးကဏ္ဍများပါ တိုးတက်လာမည်ဖြစ်ပြီး စက်မှုလက်မှုကဏ္ဍကိုပါ ဖွံ့ဖြိုးတိုးတက်ရန် တစ်ပြိုင်တည်းဖော်ဆောင်နိုင်မည်ဖြစ်သည်။ မြစ်ရေတင်စီမံကိန်းအလိုက် ရေအသုံးချမှုနှင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုတို့ကို တစ်ခုနှင့်တစ်ခုယှဉ်ပြိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်ရန် ကြိုးပမ်းကြံဆ လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် အညာဒေသတောင်သူလယ်သမားများ၏ လူမှုဘဝ အဆင့်အတန်းမြင့်မားလာရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ မိမိတို့၏ဒေသဖွံ့ဖြိုးရေးအတွက် ဦးထမ်းပဲ့ထမ်း ကျရာကဏ္ဍမှ စွမ်းဆောင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၈-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၂၇)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၈၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** အတွဲ(၃) (အပိုင်း-၁)
	၂၄။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၃)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းနှင့်အလုံမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် အရှေ့ခြမ်း ကင်မွန်းခြံကျေးရွာအုပ်စုရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ၊ ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ရေလုပ်သားများအားတွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် ခရမ်းမြို့နယ် အသင်းခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ရွှေလှေကျေးရွာနှင့် မောင်းမကျေးရွာ အခြေခံပညာကျောင်းများအတွက် သင်ကြားမှု အထောက်အကူပြု Laptop ကွန်ပျူတာခြောက်လုံးနှင့် ပရင်တာနှစ်လုံးကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် ရပ်မိရပ်ဖများက လက်ခံကြသည်။

(ယာပုံ)

ပို့ကုန်တိုးမြှင့်

ဝန်ကြီးသည် ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပို့ကုန်တိုးမြှင့်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်ခရိုင် ဝါးတောကျေးရွာရှိ ငါးမွေးမြူရေး စခန်းအမှတ်(၂) သို့ရောက်ရှိပြီး အသားတိုး ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်၌ကျင်းပ

ပြည် ဩဂုတ် ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်တွင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး မြို့နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်မြို့ မူရာပင်ရပ် ခေတ္တရာရတနာခန်းမ၌ ဩဂုတ် ၂၃ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်ဥက္ကဋ္ဌက ပြိုင်ပွဲဝင်စည်းကမ်းများကို ဖတ်ကြားတင်ပြပြီးနောက် ပြိုင်ပွဲကို မြို့နယ်ဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲများကို ဩဂုတ် ၂၅ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

လှူဒါန်း

လမ်းမတော်မြို့နယ် ကီလီ ဝါးတန်းလမ်း အမှတ် ၉၇ နေ ဦးနန်ငအိ-ဒေါ်ကျင်စိ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့်တာဝန်ခံဆရာဝန်ကြီးဒေါက်တာ ဒေါ်ကင်းအိမ်တို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၈-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၉)
၈း၃၀	Fashion Talk မျိုးမြတ်သူ၊ တင်မိုးလွင် (Talents & Models)
၉း၁၀	Sports World (Delta United F.C Vs Zeyar Shwe Myay F.C)
၉း၄၀	Industrial Talk
၁၀း၀၅	စားချင်စဖွယ် နည်းအသွယ်သွယ် (European အစားအစာ ပြုလုပ်နည်း)
၁၀း၂၅	စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ
၁၀း၅၀	မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၁၁း၀၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (White Rose Floral Design & Gift)
၁၁း၂၀	အရေပြားရှိသူတို့နှင့် သက်ဆိုင်သော
၁၁း၅၀	ဖျာပုံမြို့ဂုဏ်ဆောင် မင်းကျောင်းတော်
၁၂း၀၅	ဗီဒီယိုပြခန်း
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၄၀	တောင်းဆုအမှန် ပြည့်မည်ဧကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၁း၀၀	**တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (ရည်းစားရှိတာကောင်းတယ်၊ ရည်းစားမရှိတာကောင်းတယ်)
၃း၂၅	မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့်အချက်များ (အပိုင်း-၂) ပါမောက္ခ ဒေါက်တာနေဝင်း
၄း၀၅	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၄း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ
၄း၃၀	မြန်မာတို့၏စွဲမက်ဖွယ်ရာထိုးမုန့်၊ လမုန့်အရသာ
၄း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း)
၅း၂၀	အပန်းဖြေစရာမျက်လှည့်ကမ္ဘာ
၅း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (မိုးဟေမာန်ခင်)
၆း၄၀	ဗီဒီယိုပြခန်း
၇း၀၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (White Rose Floral Design & Gift)
၇း၁၀	စားချင်စဖွယ် နည်းအသွယ်သွယ် (European အစားအစာ ပြုလုပ်နည်း)
၇း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးငယ်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ရည်းစားရှိတာကောင်းတယ်၊ ရည်းစားမရှိတာကောင်းတယ်)
၉း၁၅	ဓာတ်ပုံထဲမှ အမှတ်တရများ (မိုးဟေမာန်ခင်)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၉)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	Industrial Talk
၁၂း၁၅	**ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး (ဒါရိုက်တာ-ဦးခင်ဇော်)
၁၂း၃၀	အရေပြားရှိသူတို့နှင့်သက်ဆိုင်သော
၁၂း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၀၀	အစီအစဉ်ပြီး၏။

MRTV- 4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၁၉၄၈ မှ ၁၉၈၈ ခုနှစ်အတွင်း ခါးသီးစွာတွေ့ကြုံခဲ့ရသည့် အခြေအနေများကို သင်ခန်းစာယူ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်မည့် အခြေအနေမျိုးပေါ်ပေါက်ရေး အသိတရားနှင့်ယှဉ်၍ သတိတရားပေါင်းစပ် သုံးသပ်ဆောင်ရွက်သွားကြရန်လိုအပ်

နေပြည်တော် ဩဂုတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၂၂ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့ သာသနာ့ဗိမာန်၌ ကျင်းပသော ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၄၇ခုမှ ဒေသခံပြည်သူ ၂၄၀၀ကျော် တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်း၏ ကုန်ထုတ်လုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် လုပ်ငန်းကိစ္စအဝဝတို့၌ နည်းပညာများအသုံးပြု၍ ဆောင်ရွက်နေသောခေတ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာတို့ကို အလွယ်တကူ လေ့လာသင်ကြားနိုင်စေရန်အတွက် နိုင်ငံတစ်ဝန်း ပညာရေးအခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပေးထားကြောင်း၊ ထူးချွန်ဆုရရှိသူများအပါအဝင် ကျောင်းသား ကျောင်းသူများအားလုံး ပညာ၊ နည်းပညာကို ကြိုးစားသင်ယူပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းသမီးကောင်းများအဖြစ် ကြိုးပမ်းသွားကြစေလိုကြောင်း၊ ထို့အပြင် ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး စာပေဗဟုသုတ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာကာ နည်းပညာဆိုင်ရာများတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ရည်ရွယ်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်တည်ဆောက်ပေးနေလျက်ရှိကြောင်း၊ ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးနေကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူနေမှုဘဝ ပိုမိုမြင့်မား တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းအကောင်အထည်ဖော် တည်ဆောက်ကြရာတွင် ၁၉၄၈ မှ ၁၉၈၈ ခုနှစ်အတွင်း ခါးသီးစွာ ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို သင်ခန်းစာယူလျက် အနာဂတ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုး ပေါ်ပေါက်လာအောင် အသိတရားနှင့်ယှဉ်၍ သတိတရား ပေါင်းစပ်

သုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဝန်ကြီးသည် ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုများချီးမြှင့်သည်။

၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပုလဲမြို့နယ်အတွင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅ဦးတို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ပုလဲမြို့နယ်အတွင်းမှ ကျေးရွာ ရှစ်ရွာ၊ ကနီမြို့နယ်အတွင်းမှ ကျေးရွာ ရှစ်ရွာ၊ ယင်းမာပင်မြို့နယ်အတွင်းမှ ကျေးရွာ ခုနစ်ရွာနှင့် ဆားလင်းကြီးမြို့နယ်အတွင်းမှ ကျေးရွာခုနစ်ရွာတို့အတွက် MRTV နှင့် MRTV-4အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပုလဲမြို့နယ် သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်း၊ ကုက္ကိုကုန်းကျေးရွာတံတားနှင့် ရေကန်ပြုပြင်မွမ်းမံရန်၊ လက်ပုကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အကူဆရာမများအား ထောက်ပံ့ငွေချီးမြှင့်ရန်၊ နှောကန်ကျေးရွာ မူလတန်းကျောင်း ပြုပြင်တည်ဆောက်ရန်၊ ကျောက်ဖျာကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် တည်ဆောက်ရန် စသည့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား မောင်အောင်သူက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အထူးဈေးရောင်းပွဲတော် သိန္နီမြို့၌ ဖွင့်လှစ်ရောင်းချ

သိန္နီ ဩဂုတ် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ မြို့နယ်ခန်းမ၌ ယမန်နေ့ နံနက် ၈နာရီကကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးနေဝင်းစိုးနှင့် သိန္နီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဈေးပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော ပစ္စည်းများအား အရောင်းဆိုင်ခန်းများဖွင့်လှစ်၍ ဩဂုတ် ၃၁ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(လားရှိုးကိုယ်ပွား)

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် ယောင်ကျီမြို့ ချန်ဟူကျောင်း ကျေးရွာမှ လက်သမားတစ်ဦး၏ သစ်သား ပန်းပု လက်ရာများကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားနှင့် အရှေ့တီမောနှစ်နိုင်ငံ စစ်ရေးစွမ်းရည် မြှင့်တင်ရန် ပူးပေါင်းမည်

ဂျကာတာ ဩဂုတ် ၂၅

အင်ဒိုနီးရှားနှင့် အရှေ့တီမောနှစ်နိုင်ငံ ကာကွယ်ရေးလုပ်ငန်း ဆက်ဆံမှုတိုးချဲ့ရေး အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံက အရှေ့တီမော ရေတပ်အတွက် သင်တန်းပေးမည်ဖြစ်သည့်အပြင် စက်ပစ္စည်းများကိုပါ ရောင်းချနိုင်ဖွယ်ရှိမည်ဟု ထိပ်တန်းရေတပ်အရာရှိတစ်ဦးက ဩဂုတ် ၂၃ရက်တွင် ပြောကြားသည်။

ဆွေးနွေး

၂၀၀၉ခုနှစ်စောစောပိုင်းက အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေစီပြည်နယ်၌ နှစ်နိုင်ငံမှ ရေတပ်ဆိုင်ရာအကြီးအကဲ တို့က စစ်ရေးစွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးပြီး ဖြစ်သည်။

စာချွန်လွှာရေးထိုး

၄င်းနိုင်ငံမှ ကာကွယ်ရေး ဝန်ကြီးဌာနများအနေဖြင့် အကြမ်းဖက်မှုများ ပူးပေါင်းကာကွယ်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်ကြောင်း အရှေ့တီမောနိုင်ငံမှ အကြီးအကဲက ပြောကြားသည်။

ပူးပေါင်းပါဝင်

အင်ဒိုနီးရှားနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းမှ စစ်သင်္ဘောများဝယ်ယူမည်ဖြစ်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများ၌ လည်း ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

ဂါဇာ ဩဂုတ် ၂၅

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသ၌ ဩဂုတ် ၂၄ရက် စောစောပိုင်းက အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦးသေဆုံးသည်။

ယင်းနေ့၌ပင် ဗုံးနှစ်လုံး ထပ်ဆင့်ပေါက်ကွဲရာ မြေအောက်ဥမင်လိုဏ်ခေါင်း တူးဖော်နေသည့် အလုပ်သမားသုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဒေသ အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

A(H1N1) ရောဂါဖြင့် အိန္ဒိယ၌ အမျိုးသားတစ်ဦးသေဆုံး

စုစုပေါင်း သေဆုံးသူ ၆၄ဦးရှိလာ

နယူးဒေလီ ဩဂုတ် ၂၅

အသက် ၄၈နှစ်ရှိ အမျိုးသားတစ်ဦးသည် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားပြီး အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ ဂူဂျာရတ်ဆေးရုံ၌ ဩဂုတ် ၂၃ရက်က သေဆုံးခဲ့ရာ အိန္ဒိယနိုင်ငံတွင် ယင်းရောဂါဖြင့် သေဆုံးသူဦးရေသည် ၆၄ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

စမ်းသပ်စစ်ဆေး

သေဆုံးသူမှာ ဟတ်စ်မွတ်ဟင်ဂူဖြစ်ပြီး အသက်ရှူကျပ်သဖြင့် ဆေးရုံသို့ လွန်ခဲ့သည့် သုံးရက်က တက်ရောက်ကုသခဲ့ရသည်။

တွေ့ရှိခဲ့

၄င်းအား စမ်းသပ်စစ်ဆေးကြည့်ရှုရာ A(H1N1) တုပ်ကွေးရှိကြောင်း ဩဂုတ် ၂၂ရက်က တွေ့ရှိခဲ့ပြီး ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဆရီနာဂါရှိ ခရီးသွားများ လာရောက်ရာ ဒေသတစ်ခုကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဓာတ်မြေဩဇာများတင်သွင်းမှု ၂၀၂၀ ပြည့်နှစ်၌ ဗီယက်နမ်ပိတ်ပင်မည်

ဟနွိုင်း ဩဂုတ် ၂၅

ဗီယက်နမ် ကျေးလက်ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်းသို့ ဓာတ်မြေဩဇာတင်သွင်းမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း နယူးဟနွိုင်းသတင်းစာက ဩဂုတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၂၀ပြည့်နှစ်အရောက်၌ ပြည်တွင်း ဓာတ်မြေဩဇာထုတ်လုပ်မှုမှာ နိုင်ငံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မိမိတို့ မျှော်လင့်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ဖြည့်ဆည်းပေး

လက်ရှိ ဓာတ်မြေဩဇာအသုံးပြုမှုမှာ တစ်နှစ်လျှင် ၇ဒသမ၅တန်မှ ၈တန်အထိ အသုံးပြုလျက်ရှိကာ ပြည်တွင်း ထုတ်လုပ်မှု ထက်ဝက်ကိုသာ ဖြည့်ဆည်းပေးနိုင်ကြောင်း ယခုနှစ်အတွင်း ပြည်ပမှ ဓာတ်မြေဩဇာ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၃ ဘီလီယံရှိကြောင်း သတင်းတွင် ဆက်လက်ပါရှိသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် ကျင်းပသော အပျော်တမ်းကားမောင်း ပြိုင်ပွဲ၌ ကားဝါသနာရှင်များ ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေကြပုံကို ဩဂုတ်၂၅ရက်က တွေ့ရစဉ်။ (အဆိုပါ အပျော်တမ်းကားမောင်းပြိုင်ပွဲတွင် ကားဝါသနာရှင် ၄၀၀၀၀ကျော် ပါဝင်ယှဉ်ပြိုင်ကြပြီး ၁၆မိုင်ခရီးကို ခရီးနှင်ခဲ့ကြသည်။)

(အင်တာနက်ဓာတ်ပုံ)

ကယ်လီဖိုးနီးယား အဝေးပြေးလမ်းပေါ်၌ လေယာဉ်နှင့်ကားတိုက်မိ

ကယ်လီဖိုးနီးယား ဩဂုတ် ၂၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဂိုလီတာဒေသရှိ အဝေးပြေးလမ်းမပေါ်သို့ အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်း ဩဂုတ် ၂၄ရက် နံနက် ၁၀ နာရီခွဲတွင် အရေးပေါ်ဆင်းသက်စဉ် ဖြတ်သန်းမောင်းနှင်လာသော ကားနှစ်စီးနှင့် တိုက်မိသည်။

ပြောကြား

အဆိုပါလေယာဉ်ပေါ်တွင် ဇနီးမောင်နှံနှစ်ဦးလိုက်ပါလာပြီး ပျံသန်းနေစဉ် စက်ရပ်သွားသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရာ အရှိန်မထိန်းနိုင်ဘဲ ကားများနှင့်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အတွင်း ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသူမရှိကြောင်း ကယ်လီဖိုးနီးယားအဝေးပြေးလမ်း ကင်းလှည့်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

၂၀၀၉ခုနှစ် မယ်စကြဝဠာဘွဲ့ ဗင်နီဇွဲလားမယ် ဆွတ်ခူး

နက်ထော ဩဂုတ် ၂၅

*ဘဟားမားနိုင်ငံ၌ ဩဂုတ် ၂၃ရက်က ကျင်းပသော ၂၀၀၉ခုနှစ် မယ်စကြဝဠာပြိုင်ပွဲတွင် ဗင်နီဇွဲလားမယ် စတက်ဖာနီယာဖာနန်ဒက် **(အောက်ပုံ)** က ဆွတ်ခူးသွားသည်။*

အသက် ၁၈နှစ်ရှိပြီဖြစ်သော စတက်ဖာနီယာဖာနန်ဒက်သည် အဆိုပါ မယ်စကြဝဠာရွေးပွဲတွင် ၈၃ဦးမြောက် အနိုင်ရရှိသူဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဒိုမီနီကန်မယ် အဒါအီမီဒီလာခရုစ်က ဒုတိယရရှိခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံက မယ်စကြဝဠာဘွဲ့ကို ဒုတိယအကြိမ်အဖြစ် ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်သူ ၁၁ဦး ကိုလံဘီယာရဲတပ်ဖွဲ့ဖမ်းဆီး

ဘိုဂိုတာ ဩဂုတ် ၂၅

ကိုလံဘီယာရဲတပ်ဖွဲ့က အက်ဖ်အေအာရ်စီ အကြမ်းဖက်သမား ၁၁ဦးကို ဖမ်းဆီးခဲ့သည်ဟု ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက ပြောကြားသည်။ ဖမ်းဆီးရမိသူများတွင် အက်ဖ်အေအာရ်စီအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၏ တူတော်သူတစ်ဦးနှင့် အလယ်အလတ်အဆင့်ရှိ တပ်မှူးနှစ်ဦးပါဝင်သည်ဟု သိရသည်။

ပြောကြား

ဖမ်းဆီးရမိသူ ၁၁ဦးသည် ၁၉၉၈ ခုနှစ် ဩဂုတ် ၄ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုအပါအဝင် ၁၉၉၉ခုနှစ် ဇူလိုင် ၁၀ရက်တွင် ရဲတပ်ဖွဲ့ဝင် ၂၉ဦး ပြန်ပေးဆွဲခဲ့သည့်အမှုနှင့် ၂၀၀၆ခုနှစ်တွင် အစိုးရတပ်ဖွဲ့ဝင် ၁၅ဦး သေဆုံးခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုလံဘီယာသမ္မတ အယ်လ်ဗာရို ယူရီဘတ်စ်သည် အကြမ်းဖက်သမားများကို ပြတ်ပြတ်သားသား သုတ်သင်ချေမှုန်းလျက်ရှိသည်။ **(အင်တာနက်)**

ကန်ဒါဟာမြို့ကားဗုံးကွဲမှု အနည်းဆုံး လူ ၃၀သေဆုံး

ကဘူးလ် ဩဂုတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာမြို့၌ ဩဂုတ် ၂၅ရက်ညနေပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၃၀ သေဆုံးသွားကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

ယင်း ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် မြို့လယ်ရှိ အဆောက်အအုံအချို့ပြိုကျပျက်စီးပြီး ထိခိုက်ဒဏ်ရာရသူများ အများအပြားရှိခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်မှ ဆရာဝန်များက ပြောကြားသည်။ **(အင်တာနက်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ပါဒလိတ်တပ်နယ်သင်တန်းကျောင်းမှ အရာရှိ၊ အရာခံ၊အကြပ်စစ်သည်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာအနီး လမ်းလုပ်ငန်းအခြေအနေကိုလည်းကောင်း၊ ကျောက်တော်မြို့နယ်အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကျောက်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာရှိ မိုးစပါးစုပေါင်း တမန်းနှိုးပေါင်းလိုက်၊ မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူတို့က မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ငါးမျိုးစိုက်ထည့်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် ဇီးချောင်းဆည် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ငါးသားပေါက်များကို ဇီးချောင်းဆည်အတွင်း ထည့်သွင်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာရှိ တောင်သူဦးအောင်ရွှေမြ၏ ဘက်စုံပေါင်းစည်းလယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မြောက်ဦးမြို့နယ် တိမ်ညိုကျေးရွာ၌ ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူမှ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် အုတ်ဖိုကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျောင်းသုံး ဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ တိုင်းစည်ပင်ညွှန်မှူးကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဩဂုတ်၂၃ရက်တွင် ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရုံးလုပ်ငန်းပိုင်းဆိုင်ရာများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် ကော့မှူး-ထမ္ဘိုင်-ဝါးဘလောက်သောက် ကျေးလက်ကျောက်ချောလမ်း မိုးရာသီ ရေကျော်ပျက်စီးသွားသော အပိုင်းနှင့် ယင်းလမ်းပေါ်ရှိ အမှတ်(၁) သစ်သားတံတားကြွဲခိုင်မှုအခြေအနေ၊ မင်းရဲကျော်စွာလမ်းကို အရှည်ပေ၂၁၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းသစ်ခင်းရန် လိပ်သဲကျောက်များ စုဆောင်းထားရှိမှုနှင့် မင်းရဲကျော်စွာလမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းတူးဖော်ရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ညွှန်ကြားရေးမှူးသည် ကွမ်းခြံကုန်းမြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှု၊ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော ထန်းတောရေစက်ရုံမှ ရေပေးဝေမှုအခြေအနေ၊ ရေစက်ရုံနှင့် ရေပိုက်များ ကောင်းမွန်မှုအခြေအနေ၊ဂန္ဓာမာလမ်းတစ်လျှောက်၌ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းဆောင်ရွက်နေမှု**(အပေါ်ပုံ)**၊ မြို့မဈေးအတွင်း သားငါးဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချနေမှု၊ ကွမ်းခြံကုန်း-သုံးခွကျေးရွာတို့ဆက်သွယ်ထားသည့် အရှည်တစ်မိုင်ရှိ မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်မည့် ဂဝံလမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ဂဝံကျောက်များစုဆောင်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

လူနာနှင့်အတူနေမိသားစုဝင်လေးဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း (Home Quarantine) ကိုဆောင်ရွက်လျက်ရှိသည်။

လူနာနေထိုင်ရာ အဆောက်အအုံတွင်နေထိုင်သူ ၁၄၀၊ အဆိုပါ အဆောက် အအုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၃၃ဦးနှင့် လူနာတက်ရောက်ရာ ကျောင်းရှိ ကျောင်းသား၄၀၀တို့အား နေထိုင်ရာနေရာ၌ပင် တုပ်ကွေးရောဂါလက္ခဏာ ရှိ၊မရှိ စောင့်ကြပ်ကြည့်ရှုခြင်း(A -ctive Surveillance) တို့ကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ဩဂုတ် ၂၅ရက်တွင် ဝေဘာဂီဆေးရုံကြီးမှ အသက်(၃၃)နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှဆင်းပေးလိုက်ကြောင်း၊ ၎င်းလူနာနှင့် ထိတွေ့ခဲ့သူများအား စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း ရပ်ဆိုင်းပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၆ဦးရှိပြီး၂၂ဦးမှာရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီး ဖြစ်ကြောင်း၊ ကျန်လူနာလေးဦးကိုလည်း အထူးကု ဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ၁၉၀အား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၆ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးကုဆရာဝန်ကြီးများအဖွဲ့ ဆားလင်းကြီးမြို့နယ် ကျားတက်တိုက်နယ်ဆေးရုံ၌ အထူးကုသမှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းအတွင်းရှိ ဝေဒနာရှင်များအား အထူးကုသမှုများဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် စစ်ကိုင်းတိုင်းကျန်းမာရေးဦးစီးဌာနတို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်းရောဂါအထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဩဂုတ်၂၃ရက်တွင် ဆားလင်းကြီးမြို့နယ် ကျားတက်တိုက်နယ်ဆေးရုံ၌ အထူးကုသမှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ကြည့်ရှုအားပေး

အဆိုပါ အခမဲ့ရောဂါရှာဖွေစစ်ဆေးကုသခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အထူးကုသမှုအဖွဲ့အား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)က ဦးဆောင်၍ စစ်ကိုင်းတိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ မျက်စိအထူးကုဆရာဝန်ကြီးခြောက်ဦး၊သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးလေးဦးတို့က ကျားတက်စံပြကျေးရွာအနီးရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ရာ မျက်စိဝေဒနာရှင် ၃၄၈ဦးအား စမ်းသပ်စစ်ဆေးကုသမှုပေးခြင်း၊ ဝေဒနာရှင်၂၀၁ဦးအား မျက်မှန်အခမဲ့လှူဒါန်းတပ်ဆင်ပေးခြင်း၊ လူနာ၂၅ဦးတို့အား ခွဲစိတ်ကုသပေးခြင်းနှင့် သွားရောဂါဝေဒနာရှင် ၆၀တို့အား ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် အမက(၆)ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၂ ရက်တွင် အဆိုပါကျောင်းရှိ သဇင်မြိုင်ခန်းမ၌ကျင်းပရာ အမှတ်(၁၀)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ် ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်က စတုတ္ထတန်းမှ ပထမဆုရ မောင်အောင်မြတ်ဖြိုး (ဝဲပုံ)စာပေထူးချွန်ဆု၊ သူငယ်တန်းမှ စတုတ္ထတန်းအထိ နှစ်စဉ်ဆက်တိုက်ထူးချွန်ဆုများနှင့် မြို့နယ်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

(ပညာရေး)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ပထမဆုံးအာကာသဒုံးပျံယာဉ် တောင်ကိုရီးယားလွှတ်တင်

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အာကာသဒုံးပျံယာဉ်ကို ဩဂုတ် ၂၅ရက် ဒေသစံတော်ချိန် ညနေ ၅နာရီက လွှတ်တင်လိုက်ကြောင်း၊ လွှတ်တင်ပြီး ရှစ်မိနစ်အကြာ၌ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ရောက်ရှိသွားကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ (အောက်ပုံ)



ပါကစ္စတန်၊ အီရန်နှင့် တူရကီနိုင်ငံများအကြား ပထမဆုံး ရထားစတင်ပြေးဆွဲ

ပါကစ္စတန်၊ အီရန်နှင့် တူရကီနိုင်ငံများသို့ ဆက်သွယ်ဖောက်လုပ်ထားသော ရထားလမ်းပြီးစီးသွားရာ ပထမဆုံးရထားပြေးဆွဲမှုအဖြစ် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့မှ အီရန်နိုင်ငံ တီဟီရန်မြို့ကို ဖြတ်သန်းကာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ပထမဆုံး ရထားတစ်စင်း ဩဂုတ် ၂၅ရက်က ဇွဲဆောင်ဦးဆိုက်ရောက်ခဲ့ကြောင်း တူရကီရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်း အနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိရာ ဩဂုတ် ၂၅ရက် ဈေးကွက်ပိတ်ချိန်၌ ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၀ဒသမ ၆၉ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။

ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ် လွှတ်တင်မှုရက်ရွှေ့ဆိုင်း

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဩဂုတ် ၂၅ရက်၌ လွှတ်တင်ရန်စီစဉ်ထားသော ဒစ္စကာဗာရီအာကာသလွန်းပြန်သည် ရာသီဥတုဆိုးရွားနေမှုကြောင့် ရက်ရွှေ့ဆိုင်းလိုက်ကြောင်း နာဆာအဖွဲ့မှ သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ၌ ဓာတုစက်ရုံမီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ ဒီထရွိုက်မြို့အနောက်မြောက်ပိုင်းရှိ ဓာတုပစ္စည်းစက်ရုံ ဩဂုတ် ၂၅ ရက်က မီးလောင်မှုဖြစ်ပွားရာ စက်ရုံအဆောက်အအုံအစိတ်အပိုင်းများစွာ ပျက်စီးခဲ့ကြောင်း၊ မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။

A(H1N1)ဖြင့် သေဆုံးသူ စင်ကာပူ၌ ၁၃ဦးအထိရှိလာ

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၂၅ရက်က အမျိုးသားတစ်ဦး A(H1N1)ဖြင့် သေဆုံးခဲ့ရာ ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာ စင်ကာပူနိုင်ငံ၌ ၁၃ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ပေကျင်း မြေအောက်ဘူတာရုံ ပြန်လည်ဖွင့်လှစ်

တရုတ်နိုင်ငံမြို့တော်ပေကျင်းရှိ မြေအောက်ဘူတာရုံတစ်ရုံ၌ ဗုံးအတုတစ်လုံး ရှာဖွေတွေ့ရှိခဲ့ရပြီး ဘူတာရုံကို ယာယီပိတ်ထားခဲ့ရာမှ ဩဂုတ်၂၅ရက်၌ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း ပေကျင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်မြောက်ပိုင်း၌ ကျေးရွာအချို့ရေလွှမ်း

*ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်မြောက်ပိုင်းဒေသများတွင် ဩဂုတ် ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ခဲ့ရာ ကျေးရွာအချို့ရေလွှမ်းမှု ကြုံတွေ့ခဲ့ရကြောင်း ကမ္ဘောဒီးယားနိုင်ငံအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)***

(အင်တာနက်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၁၃)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံ ဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တင်ပြရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင် ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ယခုလ အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ်များအားလုံးသည် ပြည်သူများ၏ စီးပွားဖွံ့ဖြိုးမှုအရှိန်အဟုန် ပိုမိုမြင့်မားစေရန်အတွက် စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်း ကဏ္ဍမှ ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် တော်သလင်းလဆန်း ၇ရက် (အဖိတ်နေ့)
၂၆-၈-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ လေးကျွန်းမာရ်အောင် စေတီတော်
- ၈း၀၀ ၆။ စက်မှုတပ်ဆင်လုပ်ငန်းတွင်
- ၈း၁၀ ၇။ မြန်ပြည်တစ်လွှား လမ်းတံတားများ
- ၈း၂၀ ၈။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၈း၄၀ ၉။ International News
- ၈း၅၀ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၂၅ ၄။ သီချင်းကြီးပဒေသာ
- ၄း၃၅ ၅။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၂၊ လှိုင်သာယာ) (အမျိုးသား ဝတ်ရွတ်အဖွဲ့)
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၅း၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၀ ၁၀။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၅း၄၅ ၁၁။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၅၀ ၁၇။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
  - ၁၉။ နိုင်ငံတကာသတင်းများ
  - ၂၀။ မိုးလေဝသအခြေအနေ
  - ၂၁။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **ရုပ်စုံသဘင်** (မဟာဗုဒ္ဓဝင် တောထွက်ခန်း) (ဒုတိယဆု) (ရန်ကုန်တိုင်း)

မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး (၁၇)ကြိမ်မြောက် ကာကွယ်ရေး ဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၅

(၁၇)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ လေတပ်စခန်းဌာနချုပ်မှ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

တတိယအကြိမ် နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

ယနေ့ကျင်းပသော ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်တွင် (ဃဃ)အုပ်စု ပထမ အားကစားဝန်ကြီးဌာနအသင်းနှင့် (ခခ) အုပ်စု ဒုတိယ ပညာရေးဝန်ကြီးဌာနအသင်း တို့ ယှဉ်ပြိုင်ကစားကြရာ အားကစား ဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဩဂုတ် ၂၇ရက် ညနေပိုင်းတွင် ပထမ အကြိုဗိုလ်လုပွဲအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ပေါင်းလောင်းအားကစားကွင်း၌ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းသုံးလုံးပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူသုံးဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျွန်းတောကျေးရွာနေ ဒေါ်ကြည်အေး အသက်(၄၀)သည် အဖော်နှစ်ဦးနှင့်အတူ ဩဂုတ် ၁၉ရက် နံနက် ၁၁နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် မြွေတော်တောင် အရှေ့ဘက် ရေပြာချောင်းအနီး မျှစ်ချိုးရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ ပြီး ဝဲဒူး အောက်ပြတ်ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရ သည်။

အလားတူ ဩဂုတ် ၁၉ရက် မွန်းတည့် ၁၂နာရီခန့်တွင် ကျောက်ကြီးမြို့နယ်နေ မိုးကျော်သူ အသက်(၃၁)နှစ်သည် အဖော် နှစ်ဦးနှင့်အတူ ကျောက်ကြီးမြို့နယ် စက်လဲ ကျေးရွာ ကျောက်ပုံတောင်ထိပ်အနီး ဖာလာခူးပြီး ပြန်လာစဉ် သောင်းကျန်းသူ များ ထောင်ထားသည့် နင်းမိုင်းတစ်လုံး ပေါက်ကွဲပြီး ဝဲခြေချင်းဝတ်ပြတ်၊ ဝဲခြေ သလုံး ဖူးရောင်ပေါက်ပြဲဒဏ်ရာ (မစိုး ရိမ်ရ)များ ရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ သို့ ပို့ဆောင်ကုသပေး လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဩဂုတ် ၂၂ရက် မွန်းတည့် ၁၂နာရီခန့်တွင် ကျောက်ကြီးမြို့နယ် ညောင်ဦးကျေးရွာနေ မောင်မောင်(ခ) ရဲမင်း နောင် အသက်(၂၆)နှစ်သည် အဖော်သုံးဦး နှင့်အတူ ကျောက်ကြီးမြို့နယ် ညောင်ဦး ကျေးရွာ အရှေ့ဘက် ခြောက်မိုင်ခန့် အကွာ မင်းတဲမြောင်အနီး၌ ဝါးခုတ်ရာမှ သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး ပေါက်ကွဲပြီး ဝဲခြေချင်း ဝတ် အောက်ပြတ်၊ ယာဒူး၊ လက်မောင်းနှင့် မျက်နှာတို့တွင် မိုင်းစထိမှန်ဒဏ်ရာ (မစိုး ရိမ်ရ)များ ရရှိခဲ့သဖြင့် မုန်းတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

လျှောက် လေ့ကျင့်ခြင်းသည်လည်း ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုကို ဟန့်တား သက်သာစေနိုင်ကြောင်း ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

တောင်ကုန်း

ထိုသို့ နေ့စဉ် လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်ရာတွင် တောင်ကုန်း၊ မြေပြင် အမြင့်ရှိသောနေရာများတွင် လမ်းလျှောက်ပါက သွေးတိုးရောဂါသက်သာစေနိုင်ပြီး အင်ဆူလင်ထွက်ရှိမှုကို ပိုမိုအားပေးကြောင်း သိရသည်။

ကျဆင်းစေနိုင်

နေ့စဉ် လမ်းလျှောက်ခြင်းသည် သွေးအတွင်း သကြားဓာတ်ပမာဏကို ကျဆင်းစေနိုင်ပြီး သွေးအတွင်း ကိုလက်စထရောများနေမှုကို လျှော့ကျစေနိုင်ကြောင်း၊ ဆီးချို၊ သွေးချိုဝေဒနာရှင်များ နေ့စဉ် လမ်းလျှောက်ပေးသင့်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

မူးယစ်ကင်းစင် အလှဆင်

တာချီလိတ်မြို့နယ်၌ လက်နက်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မူးယစ်အဖွဲ့မှ တာဝန်ရှိသူများသည် ဩဂုတ် ၂၄ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ခန့်တွင် တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လိ ကျေးရွာရှိ နေအိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာ စိုင်းဝင်းနိုင်(ခ) အားဖင်၊ အားယောင်၊ အားပေါင်း(ခ) သန်းဦးနှင့် မအားရှင်တို့အား တွေ့ရှိရပြီး ယင်းနေအိမ် ကားဂိုဒေါင်အတွင်း ရပ်ထားသော TOYOTA LUCIDA တံဆိပ်ပါ တောင်းအေ့စ်ယာဉ် အမှတ် ၂ခ/၉၃၉၄ ယာဉ်ပေါ်နှင့် နေအိမ်ပေါ်တို့မှ MADSEN တံဆိပ်ပါ သေနတ်အရှည်တစ်လက်၊ STEYR M9-41 သေနတ်နံပါတ်-၀၅၈၇၆၈ ပစ္စတိုတစ်လက်၊ ၉မမ လူဂါကျည် ၁၀၈တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၄၀၀၀၊ ဘိန်းဖြူမှုန့် ၂၁ကီလို၊ ဘိန်းဖြူ ဘလောက်တုံး ၁၀၂တုံး၊ ဆိုင်ကယ်ငါးစီးနှင့် မော်တော်ယာဉ် နှစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ စိုင်းဝင်းနိုင်(ခ) အားဖင်၏ ထွက်ဆိုချက်အရ တာချီလိတ်မြို့နယ် ဟောင်လိတ် ကျေးရွာအုပ်စု ဝမ်လုံကျေးရွာ အမှတ် ၂၁၂ရှိ နေအိမ်ကို ဆက်လက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၂၀၀၀၊ ဘိန်းဖြူ ဘလောက် တုံး နှစ်တုံး (ကီလိုဂရမ် ၇၀၀)နှင့် ICE ၁၀ကီလိုတို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံများဖြစ်ကြသော စိုင်းဝင်းနိုင်(ခ) အားဖင်၊ အားယောင်၊ အားပေါင်း(ခ) သန်းဦးနှင့် မအားရှင်တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အိုင်အိုဒင်းဆား ပါဝင်မှု

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေး၌ အိုင်အိုဒင်းဆား ရောင်းချသော ဆိုင်များအား အိုင်အိုဒင်းပါဝင်မှု ရာခိုင်နှုန်းကို အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများနှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှ စုပေါင်း စစ်ဆေးနေမှုကို အမှုဆောင် အရာရှိ ဦးခင်မောင်ချိုက ကြပ်မတ်ဆောင်ရွက် ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်သောပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ နိုင်ငံတကာအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့က ကြီးမှူး၍ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါနှင့် ပတ်သက်သော ပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ နိုင်ငံတကာအစည်းအဝေး **(International Scientific Symposium on Influenza Pandemic Response and Preparedness)**ကို ဩဂုတ် ၂၁ရက်မှ ၂၂ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်၍ အဖွဲ့ဝင် ညွှန်ကြားရေးမှူး(ကူးစက်) ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းတို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးသို့ အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံ ၂၀ကျော်မှ ကျန်းမာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ အပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ၊ နိုင်ငံအသီးသီးမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၉၀၀ကျော် တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margret Chan ၏ မိန့်ခွန်းကို ဗီဒီယိုအစီအစဉ်ဖြင့် ပြောကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။

ကာကွယ်ဆေး

မြန်မာနိုင်ငံကိုယ်စားလှယ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး **(အပေါ်ပုံ)**က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေးရရှိရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှု ၉၀ရာခိုင်နှုန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ ထုတ်လုပ်နိုင်ကြောင်း၊ ယခုအချိန်တွင် ကာကွယ်ဆေးကို နိုင်ငံကြီးများအပါအဝင် ချောက်နိုင်ငံ၌ ကာကွယ်ဆေးအာနိသင် သက်ရောက်မှုနှင့် ပတ်သက်၍ လူများတွင် စမ်းသပ်လျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ဆေးကို အသုံးပြုနိုင်တော့မည်ဖြစ်ပြီး အဆိုပါ ကာကွယ်ဆေးများကို အဓိကအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများကသာ ပိုမိုအသုံးပြုနိုင်မည့် အခြေအနေဖြစ်ကြောင်း။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အဆိုပါ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ဆေး လုံလောက်စွာရရှိနိုင်မှု အခက်အခဲများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကို ကာကွယ်ဆေး (ထိုးဆေး)မပါဘဲ အခြားပြည်သူ့ကျန်းမာရေး လုပ်ငန်းစဉ်များနှင့်သာ ဆောင်ရွက်သွားရမည့် အခြေအနေဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးရရှိနိုင်မှုကို ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ကတိကဝတ်

ကာကွယ်ဆေး ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီကြီးများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ လူသန်း ၁၅၀အတွက် ကာကွယ်ဆေးလှူဒါန်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားသည်ကိုလည်း သိရှိရကြောင်း၊ မိမိအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေး ပိုမိုရရှိရေးအတွက် အကြံပြုလိုကြောင်း။

အသုံးပြုနိုင်မည်

နိုင်ငံတကာ ဆေးဝါးထုတ်လုပ်သော ကုမ္ပဏီများကလည်း ကာကွယ်ဆေးဈေးနှုန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရောင်းချသော ဈေးနှုန်းထက် လျှော့နည်းကာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်မှု ကုန်ကျစရိတ် (Cost Price)ထက် အနည်းငယ်သာ အမြတ်ရှိသော ဈေးနှုန်း(Differential Pricing) ကို ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများအနေဖြင့် ကာကွယ်ဆေး လုံလောက်စွာ ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၁၀၀၀၀ကျော် ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လွယ်ဝန်းကျေးရွာ၌ ဩဂုတ် ၂၁ရက်တွင် ဘိန်းခင်း လေးဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၁၀၀၈၉ ဒသမ ၁၅ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ်တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊
- **ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊**
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် **(Alcohol rub)** ကို အသုံးပြုနိုင်သည်၊
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

နမ့်ပေါင်တံတား

* မောရှမ်းပြည်ဝယ် လားရှိုးနယ်က
ဆက်သွယ်ကူးသန်း ခရီးလမ်းတွက်
ကြိုးပမ်းရွက်ဆောင် ရွာနမ့်ပေါင်ဝယ်
တည်ထောင်ဖွင့်လှစ် ကမ္ပည်းသစ်ခဲ့
ချစ်ကြည်ရှင်မြူး တံတားကူး၍
ရည်စူးရွက်ဆောင် ဖွင့်ပွဲအောင်ပြီ
နမ့်ပေါင်တံတား သက်သေထားလော့။ ။

* တံလျှပ်ရေထင် ရွှေသမင်လို
ထင်မြင်ခြားနား နားလည်မှားလည်း
ဒို့များခွင့်လွှတ် ဒို့ညီညွတ်ခဲ့
ဆွတ်ပျံ့ကြည်နူး စိတ်ရည်စူး၍
ခွဲဘူးအတူ လက်တွဲကူ၍
ဘယ်သူခွဲခွဲ ဒို့မကွဲဘူး
လက်တွဲတူလျှောက် လမ်းတွေဖောက်ကာ
တည်ဆောက်တံတား သက်သေထားပြီ
တိုင်းသားပြည်သူ အောင်လံထူလော့။ ။

* တားဆီးဖြတ်ကျော် မြစ်ချောင်းပေါ်ဝယ်
ဥာဏ်မြော်ကြီးမား ဆက်သွယ်သွားဖို့
တံတားတည်ဆောက် လမ်းတွေဖောက်ပြီ
မျက်မှောက်သက်သေ နမ့်ပေါင်မြေ။ ။

ဝင်းမောင်ဝင်း(ရှမ်းတောင်တန်း)

● *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက သံကူကွန်ကရစ်နှစ်လမ်းသွား နမ့်ပေါင်တံတားသစ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက နမ့်ပေါင်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နမ့်ပေါင်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက နမ့်ပေါင်တံတားသစ် တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က နမ့်ပေါင်တံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူးက နမ့်ပေါင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နမ့်ပေါင်တံတားသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ နမ့်ပေါင်ချောင်းကူး နမ့်ပေါင်တံတားသစ်သည် အရှည်ပေ ၁၈၀နှင့် ယာဉ်သွားလမ်း အကျယ်၂၄ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ပေ ၁၈၀နှင့်အထက် တံတားများတွင် ၂၂၉စင်းမြောက် တံတားဖြစ်ကာ နိုင်ငံတော်က ငွေကျပ် သိန်းပေါင်း ၃၆၉၅သိန်း အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အဓိကဆက်သွယ်သွားလာနိုင်သော တံတားတစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၅ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သန်းမြတ်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မတူပီစည်ပင်သာယာ ကတ္တရာလမ်းခင်း ဆောင်ရွက်

ဟားခါး ဩဂုတ် ၂၅

မတူပီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် လူငယ်သင်တန်းကျောင်း လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဩဂုတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးလှိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကံလင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

● *ကျောဖုံးမှ*

ရာသီမရွေးသွားလာနိုင်

လှိုင်းဘွဲ့မြို့အဝင် လှိုင်းဘွဲ့ချောင်းကူးတံတားထိပ်တွင် ရွှေဂွန်းလမ်းခွဲရှိသည်။ လှိုင်းဘွဲ့နှင့် ရွှေဂွန်းသည် အရှေ့နှင့်အနောက် ခရီးမိုင် ၁၃မိုင် ရှည်လျားသည်။ လမ်းတစ်လျှောက် သစ်ပင်များ စိမ်းလန်းစိုပြည်၍ သာယာအေးမြဖွယ်ကောင်းလှသည်။ ရာသီမရွေး သွားလာနိုင်သဖြင့် အလွယ်တကူ ခရီးနှင်နိုင်နေပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာ

ကွမ်တာ၊ ကွမ်တာကုန်း၊ သဒီးခို၊ ရှမ်းရွာ၊ ကမ်းပါးနီ၊ ပဒိန်ကုန်း၊ ကုန်းခလေး၊ ထီးဖိုးစီး၊ ကျွန်းကုန်းရွာတို့ကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကျေးရွာများ ဒေသဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်။

ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနလေးခု၊ ဌာနခွဲ ၂၆ခုအပြင် ငှက်ဖျား၊ အနာကြီးနှင့် အဆုတ်ရောဂါ တိုက်ဖျက်ရေးဌာန တစ်ခုစီနှင့် တိုင်းရင်းဆေးခန်းနှစ်ခန်း ဖွင့်လှစ်ပြီး ကုသပေးလျက်ရှိသည်။ ဒေသနှင့်ဆက်စပ်ကျေးရွာများတွင် ရောဂါဖြစ်ပွားသူများကို ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့သည်။ သားဖွားနှင့် သာမန်ရောဂါများကို ဆေးရုံတွင် ကုသပေးပြီး တီဘီနှင့် ငှက်ဖျားရောဂါပိုးသံသယရှိသူများကို သက်ဆိုင်ရာရောဂါရှာဖွေရေး ဌာနများတွင် စစ်ဆေး ကုသပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများ ကျေးရွာအထိဆင်းပြီး သရုပ်ပြ ပညာပေးစည်းရုံးမှုများ ဆောင်ရွက်သဖြင့် ရောဂါဖြစ်ပွားမှု နည်းပါးလာသည်။

ပညာရေးအဆင့်အတန်းမြင့်မားမှုသည် နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်နိုင်မည်ဖြစ်ရာ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် အစဉ်လေ့လာ သင်ယူနေသော ပညာရေးစနစ် ပေါ်ထွန်းလာစေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ဖော်ဆောင်ရာတွင် ထူးချွန်ထက်မြက်သည့် ပညာတတ်များ မွေးထုတ်ပေးနိုင်ရေးအတွက် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲလေးကျောင်း၊ တွဲဖက်အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ငါးကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း သုံးကျောင်း၊ မူလတန်းလွန်ကျောင်း ၃၃ကျောင်းနှင့် မူလတန်းကျောင်း ၁၄၆ကျောင်းတို့ကို လှိုင်းဘွဲ့မြို့နယ်တွင် ဖွင့်လှစ်ပေးထားသည်။

တက္ကသိုလ်ဝင်တန်း၌ ပြည်နယ်အဆင့် အောင်ချက်ကောင်းပြီး ပထမဆု ဆွတ်ခူးရရှိသည့် ရွှေဂွန်းအထက်တန်းကျောင်း၏ သင်ကြားမှုကို သိရှိလို၍ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ယခုနှစ် ရွှေဂွန်းအထက၌ ပညာဆည်းပူးနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၂၇၀ ရှိကြောင်း၊ နှစ်စဉ်ကျောင်းအပ်နှံရေးနေ့မတိုင်မီ ကျောင်းအကျိုးတော်ဆောင်နှင့် ညှိနှိုင်း၍ ချို့တဲ့သည့်ကလေးများ ကျောင်းနေနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဖွင့်ရက်တိုင်းကျောင်းမတက်မီ တစ်ချိန်နှင့် ကျောင်းဆင်းပြီး တစ်ချိန် ပုံမှန် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကျောင်းသားတိုင်း စိတ်ဓာတ်၊ စည်းကမ်း၊ ပညာမြင့်မားစေရေး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း” ရှင်းပြသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးထားသည့် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံ....။ (မြန်မာ့အလင်း)

ဂရုတစိုက်သင်ကြား

တစ်ချိန်က ဖွံ့ဖြိုးမှု နောက်ကျခဲ့သည့် နယ်စပ်ဒေသများ၌ လူမှုစီးပွားဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ထောင် ဖြည့်ဆည်းပေးရင်း လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ဖော်ဆောင်ပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများကလည်း ကျောင်းသားကျောင်းသူများ၏ ပညာအရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံနေစေရေး ဂရုတစိုက် သင်ကြားပေးလျက်ရှိသည်။

ဖွင့်လှစ်ထား

လှိုင်းဘွဲ့မြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြေးနန်းရုံး တစ်ရုံး၊ အော်တိုတယ်လီဖုန်း ၂၇၀၊ မိုက္ကရိုဝေ့ဗ်စခန်း တစ်ခုတို့ကို တည်ဆောက်တပ်ဆင်ပေးထားသည်။ လှိုင်းဘွဲ့၊ ထီလုံ၊ ရွှေဂွန်း၊ မြိုင်ကြီးငူတို့တွင်လည်း စာတိုက်များ ဖွင့်လှစ်ထားရှိသည်။

ထို့နောက် သတင်းအဖွဲ့သည် ရွှေဂွန်းမှ ၁၅မိုင်ကျော်ကွာဝေးသည့် မြိုင်ကြီးငူသို့ သတင်းအဖွဲ့ ခရီးဆက်ခဲ့ကြသည်။ လမ်းတစ်လျှောက် ဖက်ဖူးရောင်သန်းနေသည့် လယ်ယာမြေများက ကြည့်သူ၏ စိတ်အလျဉ်ကို ကြည်လင်လန်းဆန်းမှု ဖြစ်စေသည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါးစီမံကိန်းများ နိုင်ငံတစ်ဝန်း တည်ဆောက်ပေးလျက်ရှိရာ မြိုင်ကြီးငူရှိ စိန်ပန်းမြိုင် ရေလှောင်တမံကို ၂၀၀၃ခုနှစ် ဇွန်ဖရက်က ဖွင့်လှစ်ပေးခဲ့သည်။

စိန်ပန်းမြိုင် ရေလှောင်တမံကို သောက်သုံးရေအပြင် လယ်မြေဧက ၁၀၀ အတွက် စိုက်ပျိုးရေ ရရှိရေးရည်ရွယ်တည်ဆောက်ခဲ့ရာ ရလဒ်အဖြစ် နွေစပါး အပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်နေပြီဖြစ်သည်။

အားထားစိုက်ပျိုး

လှိုင်းဘွဲ့မြို့နယ်၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ယခင်က မိုးစပါးဧက ၁၄၂၇၉ ဧက၊ နွေစပါး ၂၃၁၄၉ဧက စိုက်ပျိုးခဲ့ရာ လျာထားချက် ပြည့်မီကျော်လွန်စွာထွက်ရှိသဖြင့် ဝမ်းစာဖူလုံပြီး ပိုလျှံသည်များ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ယခုနှစ် မိုးစပါး ၁၄၂၉၅ ဧက လျာထားရာ ဇူလိုင်လကုန်အထိ ၁၃၅၈၆.၇ဧကစိုက်ပျိုးနိုင်ပြီဖြစ်သည်။ မြေပဲကို မိုးနှင့်ဆောင်းတွင် စိုက်ပျိုးပြီး နှမ်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီ စိုက်ပျိုးကြသည်။ ဆီထွက်သီးနှံ အပါအဝင် သီးနှံမျိုးစုံကို မိုးကာလတွင် လယ်မြေများအတွင်း နှန်းများသွင်းပြီး ပွင့်လင်းရာသီတွင် အကြီးအကျယ် စိုက်ပျိုးကြသည်။ စပါးပြီးလျှင် ဒုတိယ ဦးစားပေးအဖြစ် ရော်ဘာကို အားထားစိုက်ပျိုးသည်။

ယခုနှစ် မြိုင်ကြီးငူဒေသရှိရော်ဘာစိုက်ဧကအပါအဝင် တစ်မြို့နယ်လုံး၌ ၁၃၃၄၈ဧက စိုက်ပျိုးထားရာ ရော်ဘာလုပ်ငန်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

သတင်းအဖွဲ့သည် မိုးကာလ၌ပင် ရော်ဘာအစေးခြစ်သည့်လုပ်ငန်းဆောင်ရွက်နေသော ဂျို့ချောင်းကျေးရွာရှိ ဦးထွန်းဝေ၏ ဧက၅၀ စိုက်ခင်းသို့ သွားရောက်၍ သိရှိလိုသည်များတွေ့ဆုံမေးမြန်းခဲ့သည်။

“အစေးခြစ်ယူမည့် နေရာ၏ အထက် ခြောက်လက်မကွာပြီး အပင်၏ အပေါ်ယံအခေါက်ကို အနည်းငယ်ခြစ်ပေးရကြောင်း၊ အင်တွဲနှင့် ဒီဇယ်ရောက ခြစ်ထားသည့်နေရာကိုကပ်၍ အပေါ်မှပလတ်စတစ်အုပ်ပြီး သားရေကြီး ပတ်ချည်ထားခြင်းဖြင့် မိုးရေဝင်ရောက်မှုကို ကာကွယ်ကာ မိုးကာလ၌ပါ အစေးခြစ်၍ရကြောင်း” ရှင်းပြသည်။

အကျိုးအမြတ်ဖြစ်ထွန်း

မိုးကာလတွင် အစေးခြစ်ရာ၌ အပင်၏ အခေါက်ရေစိုလျှင် ပျက်စီးဆုံးရှုံးမှုဖြစ်နိုင်၍ ရေမထိစေရန် အထူး ဂရုစိုက် ဆောင်ရွက်ရသည်။ ဦးထွန်းဝေ၏ ရော်ဘာစိုက်ခင်းသည် မိုးကာလတွင်ပါ အစေးခြစ်နိုင်သဖြင့် ရော်ဘာလုပ်ငန်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သတင်းအဖွဲ့သည် ဘားအံ-လှိုင်းဘွဲ့လမ်းအတိုင်းဆက်လက်ထွက်ခွာလာရာ ရွာသာအေးကျေးရွာ၌လုပ်မြေများကိုဖော်ထုတ်ပြီး မိုးစပါးစိုက်ပျိုးနေသည့် ဦးစောလေးကယ်အား တွေ့ဆုံ မေးမြန်းခဲ့သည်။

“လုပ်မြေများကို လယ်ယာမြေအဖြစ်ဖော်ထုတ်ပြီး ယခုနှစ်မှစတင်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ လယ်မြေ ၁၃ဧကကို စက်မှုလယ်ယာမှ စက်ကိရိယာ အကူအညီဖြင့် စပါးများ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် နီးပါး စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စပါးပြီးရင် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ပျိုးရန် စီစဉ်ထားကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးကျေးရွာ၌ မိုးစပါး စိုက်ပျိုးရန် ထယ်ရေးလိုက်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။(မြန်မာ့အလင်း)

ပံ့ပိုးဖြည့်ဆည်း

ဒေသခံ တိုင်းရင်းသားများသည် ရွာသာအေးကျေးရွာရှိ မြေအကျယ်အဝန်း ၁၀၄ဧက၌ နေအိမ်များဆောက်လုပ်ပြီး အဓိက စီးပွားရေးအဖြစ် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်က လယ်ယာလုပ်ငန်းအတွက် လယ်ယာသုံး စက်ကိရိယာအပါအဝင် နည်းပညာများပါ ပံ့ပိုးဖြည့်ဆည်းပေးထားရာ စိုက်ပျိုး သီးနှံများကို စက်ကိရိယာအကူအညီဖြင့် စိုက်ပျိုးနေကြပြီဖြစ်သည်။

သတင်းအဖွဲ့သည် ဦးစောလေးကယ်တို့ စပါးစိုက်ပျိုးသည့်နေရာ တစ်မိုင်ကျော်ခရီးကို လယ်ထွန်စက်စီးပြီး ခရီးဆက်ခဲ့ကြသည်။ တစ်မိုင်ကျော် ခရီးက မဝေးသော်လည်း ရေဖွေးဖွေးဖြူနေသည့် လယ်ကွင်းများကို ဖြတ်သန်းမောင်းနှင်လာသောထွန်စက်၏ နောက်ဘီးဖုံးပေါ် သတင်းအဖွဲ့ထိုင်ကာ အမိုးကိုင်းကို အမိအရ ဆုပ်ကိုင်ပြီး မြောက်တစ်ခါ၊ ကျတစ်လှည့် လိုက်ပါလာရင်း ဒေသဆန်ဖူလုံပိုလျှံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကိုစာဖတ်ပရိသတ်ထံ လက်ဆောင်ပါးနိုင်ရန် သတင်းရယူခဲ့ကြသည်။

ထို့မှတစ်ဆင့် စိုက်ပျိုးသီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ အနီးရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းတို့ကို ပိတ်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) သထုံက တည်ဆောက်လျက်ရှိသည့်ရေဘုတ်ရေလှောင်တမံစီမံကိန်းသို့ ဝင်ရောက် လေ့လာခဲ့သည်။

များစွာအထောက်အကူရ

ရေဘုတ်ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက သောက်သုံးရေအပြင် လယ်မြေဧက ခြောက်ထောင်ကျော်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ရေသောက်ဧရိယာအတွင်း သီးထပ်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရေဘုတ် ရေလှောင်တမံသည် ကရင်ပြည်နယ်အတွင်း အကြီးဆုံးနှင့် ရေသောက်ဧရိယာအများဆုံးရေလှောင်တမံဖြစ်သည်။ ပြည်နယ်အတွင်း ယခင်က မိုးရေကိုသာ မျှော်ကိုးစိုက်ပျိုးခဲ့ရသောဖထီးဦးကြီးတို့သည် ဆည်ရေဖြင့် သီးနှံစုံစိုက်ပျိုးပြီး အကျိုးဖြစ်ထွန်းလာတော့မည် ဖြစ်သည်။

လှိုင်းဘွဲ့မြို့နယ်၏အဓိကလမ်းပန်းဆက်သွယ်ရေးမှာ ကုန်းလမ်းနှင့် ရေလမ်းခရီးဖြစ်သည်။ နေပြည်တော်-လှိုင်းဘွဲ့၊ ရန်ကုန်-လှိုင်းဘွဲ့၊ လှိုင်းဘွဲ့-မော်လမြိုင်၊ လှိုင်းဘွဲ့-ဘားအံ အပြင် အခြား ပြည်နယ်/တိုင်း များသို့ မော်တော်ကားလမ်း ပေါက်နေပြီး ရေလမ်းခရီးဖြင့်လည်း ရွှေဂွန်း၊ မြိုင်ကြီးငူ၊ လှိုင်းဘွဲ့တို့ကို စက်လှေများဖြင့်သွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေပူ-ကျောက်တောင်လမ်း ၉မိုင်၊ထီလုံတာပေါင်-ကျောက်တောင်လမ်း၁၀မိုင်၊ ရွှေဂွန်း- နောက်ကမြိုင်လမ်း ၁၇မိုင်၊ ထီလုံ-သပုထို ၅ဖာလုံ စသည့် ကျောက်ချောလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သည်။ ထို့ပြင် မြေသားလမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။

ကြိုးပမ်းတည်ဆောက်

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားပြီး ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများစွာကို နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်ပေးနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ။

သို့ဖြစ်ရာ နိုင်ငံတော်က နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိရာ တည်ငြိမ်အေးချမ်းမှု အရိပ်အာဝါသအောက်မှ လှိုင်းဘွဲ့မြို့နယ်သည် လမ်းပန်းဆက်သွယ်မှု အပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် တစ်နေ့တခြားတိုးတက်ဖြစ်ထွန်းလာသည့်အလျောက် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာနေပြီဖြစ်ကြောင်း ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လှိုင်းဘွဲ့မြို့နယ်တွင် မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှု မြင်ကွင်း....။
(မြန်မာ့အလင်း)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားပြီး ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်ရေး အပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အအုံ များစွာကို နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်ပေးနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ။

* ရှေ့ဖုံးမှ

ပြောင်းလဲတိုးတက်မှု

ထို့နောက် နည်းပညာတက္ကသိုလ်(မုံရွာ)၏ ကျောင်းအုပ်ဆရာကြီး ဒေါက်တာကြည်စိုးနှင့် တွေ့ဆုံခွင့်ရ၍ ကျောင်းဖြစ်ပေါ်လာမှုနှင့် ကျောင်း၏ ပြောင်းလဲတိုးတက်မှုများ လေ့လာခွင့်ရခဲ့သည်။

တိုးမြှင့်ဖွင့်

နည်းပညာတက္ကသိုလ်(မုံရွာ)မဖြစ်ပေါ်မီ ၁၉၈၂ခုနှစ် ဇူလိုင် ၃၀ရက်က စက်မှုလက်မှု အထက်တန်းကျောင်းအဖြစ်မှ ၁၉၈၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စက်မှုလက်မှုသိပ္ပံအဖြစ်တိုးမြှင့်ပြီး ၁၉၉၉ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် အစိုးရနည်းပညာကောလိပ်အဖြစ် ပြောင်းလဲဖွင့်လှစ်ရာမှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် နည်းပညာတက္ကသိုလ်(မုံရွာ) အဖြစ် ထပ်မံ၍ တိုးမြှင့်ကာ ပညာအလင်းကိုဆောင်နိုင်ခဲ့သည်။

"အနာဂတ်အင်ဂျင်နီယာပညာရှင်များ ဖြစ်ပေါ်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါတယ်။"
ဒေါက်တာကြည်စိုး
ကျောင်းအုပ်ကြီး
နည်းပညာတက္ကသိုလ်(မုံရွာ)။

"ကျောင်းပြီးရင် ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်သွားမှာပါ။" မဇာခြည်စိမ့်စိမ့်သူ (ကျောက်ဆည်မြို့)

နည်းပညာတက္ကသိုလ်(မုံရွာ)တွင် A.G.T.I ပထမနှစ် ကျောင်းသားကျောင်းသူ ၇၅၇ ဦး၊ A.G.T.I ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၆၇၀၊ B.Tech ပထမနှစ်ကျောင်းသား ကျောင်းသူ ၆၇၁ဦး၊ B.Tech ဒုတိယနှစ်ကျောင်းသား ကျောင်းသူ ၃၃၂ဦး၊ B.E ကျောင်းသား ကျောင်းသူ ၄၃၆ဦး၊ M.E Second Batch ကျောင်းသားကျောင်းသူ ၅၄ ဦး၊ M.E Third Batch ကျောင်းသားကျောင်းသူ ၂၉ ဦးနှင့် M.E Fourth Batch ကျောင်းသားကျောင်းသူ ၄၉ဦး စုစုပေါင်း ၂၉၉၈ဦးတို့ အနာဂတ်အင်ဂျင်နီယာပညာရှင်များ ဖြစ်ပေါ်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိကြသည်။

နည်းပညာတက္ကသိုလ်(မုံရွာ)တွင် တက်ရောက်၍ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ မြန်မာ့အလင်းသတင်းအဖွဲ့မေးမြန်းခဲ့ရာ "ကျွန်တော့်နာမည်မောင်အောင်ဇေဖြိုးပါ၊ မုံရွာမြို့မှာနေထိုင်ပြီး အခု B.Tech ဒုတိယနှစ်မှာ တက်ရောက်ပညာသင်ကြားနေပါတယ်။ စာပေသင်ကြားမှုအပိုင်း မြင့်မားလာတာနဲ့ အမျှ သင်ယူမှုကို ပိုပြီးအားစိုက်ကြိုးစားရပါတယ်" ဟု ရှင်းပြသည်။

ဖွံ့ဖြိုးရေး

ဆက်လက်၍ ကျောင်းသူတစ်ဦးအားတွေ့ဆုံ၍ မေးမြန်းခဲ့ရာ "ကျွန်မနာမည် မဇာခြည်စိမ့်စိမ့်သူပါ။ B.E တက်ရောက်နေပါတယ်။ ကျောက်ဆည်မြို့ မြစ်သားရွာကလာတက်ရတာပါ။ ကျောင်းပြီးရင် ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ လိုအပ်တဲ့တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်သွားမှာပါ"ဟု နောင်အနာဂတ်အတွက် ကျောင်းသားကျောင်းသူများ၏ ရင်တွင်းစကားကို သိခွင့်ရခဲ့သည်။

သင်ကြားပို့ချ

နည်းပညာတက္ကသိုလ်(မုံရွာ)တွင် မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုပုံစံပြုအင်ဂျင်နီယာသင်တန်း၊ သတင်းနည်းပညာ အင်ဂျင်နီယာသင်တန်း၊ စက်မှုအီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်းနှင့် ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ သင်တန်းတို့ကို သင်ကြားပို့ချလျက်ရှိသည်။

အစိုးရနည်းပညာကောလိပ်အဆင့်မှ နည်းပညာတက္ကသိုလ်(မုံရွာ) ဖွင့်လှစ်နိုင်ခဲ့ချိန်အထိ B.Tech ဘွဲ့ရ စက်မှုအတတ်ပညာရှင် ၁၂၉၂ ဦး၊ B.E ဘွဲ့ရ စက်မှုအတတ်ပညာရှင် ၈၈၉ဦးနှင့် A.G.T.I ဘွဲ့ရ စက်မှုအတတ်ပညာရှင် ၅၉၄၅ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ရာ အမျိုးသားဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်၏ စီးပွားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် အရည်အချင်းမြင့်မားသော အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးရာ ကျောင်းတော်မဟာ နည်းပညာတက္ကသိုလ်(မုံရွာ)ကား ခံ့ခံ့ညားညား ရပ်တည်နေပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားပေးပို့လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"အခု B.Tech ဒုတိယနှစ်မှာတက်ရောက်ပညာသင်ကြားနေပါတယ်။" မောင်အောင်ဇေဖြိုး (မုံရွာမြို့)။

နည်းပညာတက္ကသိုလ်(မုံရွာ)တွင် မြို့ပြ အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ စက်မှုပုံစံပြု အင်ဂျင်နီယာသင်တန်း၊ သတင်းနည်းပညာ အင်ဂျင်နီယာသင်တန်း၊ စက်မှုအီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်းနှင့် ချည်မျှင်နှင့်အထည် အင်ဂျင်နီယာသင်တန်းတို့ကို သင်ကြားပို့ချလျက်ရှိ။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၂)

အရည်အသွေးကောင်းမွန်သောပစ္စည်းများ ဈေးကွက်လိုအပ်သမျှ ထုတ်လုပ်ရောင်းချ

စက်မှုနိုင်ငံဖြစ်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသည်ထက် ပိုမိုကြိုးစား

နေပြည်တော် ဩဂုတ် ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၌ PVC Wire ထုတ်လုပ်မှုအလုပ်ရုံ၊ Enamelled Copper Wire ထုတ်လုပ်မှုအလုပ်ရုံ၊ Power Cable ထုတ်လုပ်မှုအလုပ်ရုံ၊ Bare Copper Wire ထုတ်လုပ်မှုအလုပ်ရုံ၊ Copper Rod ထုတ်လုပ်မှုအလုပ်ရုံ၊ Transformer ထုတ်လုပ်မှုအလုပ်ရုံ၊ Generator ထုတ်လုပ်မှုအလုပ်ရုံနှင့် Machine Tools ထုတ်လုပ်မှုအလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထုတ်လုပ်ရောင်းချ

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများအား ဝန်ကြီးဌာန၏ရည်ရွယ်ချက်အတိုင်း အရည်အသွေးကောင်းမွန်သောပစ္စည်းများ ဈေးကွက်လိုအပ်သမျှ ထုတ်လုပ်ရောင်းချပေးရန်၊ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်စေရန်နှင့် စက်များ စွမ်းရည်ပြည့်ဝစွာ အသုံးပြုသွားရန် မှာကြားသည်။

ဆက်လက်၍ ၂၀၀၉/၂၀၁၀ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်တာဝန်(၉)ရပ်အပေါ် အကောင်အထည်ဖော်နိုင်မှုကို သုံးသပ်ပြီး စက်မှုနိုင်ငံဖြစ်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသည်ထက် ပိုမိုကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

ဈေးကွက်နမူနာများကို ဓာတ်ခွဲစစ်ဆေးချက်အရ အောက်ပါဆေးဝါး(၃)မျိုးမှာ ဆေးဝါးအတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်-

စဉ်	ဆေးအမည်	ကုမ္ပဏီအမည်
(က)	Chloramphenicol 0.25 g BP capsule	Hongkong Eminent Fame Development Ltd.
(ခ)	Griseofulvin Tablet 125 mg	Xuzhou Kangtai Pharmaceutica Co.,Ltd.Jiangshu
(ဂ)	Griseofulvin Tablet 0.125 g	ဖော်ပြထားခြင်းမရှိပါ။

အထက်ပါ ဆေးဝါး(၃)မျိုးမှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိပါကြောင်းနှင့် ဆေးဝါးအာနိသင် "လုံးဝ"(လုံးဝ)မပါရှိကြောင်း အသိပေးအပ်ပါသည်။

ဆေးဝါးအတု၊ စံမညီဆေးဝါးများကိုမှီဝဲသော ရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း (လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေ ခံစားရမည်ဖြစ်သည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်၌ မိုးပိုလာဖွယ်

ရန်ကုန် ဩဂုတ် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၅-၈-၂၀၀၉

နေပြည်တော်	၀ ဒသမ ၅၅ လက်မ
မုဒုံ	၃ ဒသမ ၂၇ လက်မ
မြစ်ကြီးနား	၂ ဒသမ ၉၁ လက်မ
ဘီးလင်း	၂ ဒသမ ၄၈ လက်မ
ချောင်းဆုံ	၂ ဒသမ ၄၈ လက်မ
မိတ္ထီလာ	၂ ဒသမ ၄၄ လက်မ
ကျိုက္ကမီ	၂ ဒသမ ၃၆ လက်မ

Leading at the Edge ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းကကြီးမှူး၍ မန်နေဂျာအဆင့်ဆင့်တို့အတွက် ခေါင်းဆောင်မှုစွမ်းရည် တိုးတက်လာစေရန်ရည်ရွယ်၍ Leading at the Edge အမည်ရှိ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ Summit Parkview Hotel ၌ ကျင်းပမည်ဖြစ်ရာ ဦးကျော်ကျော်လှိုင် (MD၊ Smart Technical Services)က ဦးဆောင်ဆွေးနွေး ဟောပြောသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် TODAY Publishing House အမှတ်(H) ကန်ရိပ်မွန်အိမ်ရာ လှိုင်မြင်းမိုရ်ကန်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၇၂၂၁၈၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး

ဒေါက်တာ အောင်ထွဏ်း
(ကျန်းမာရေးဦးစီးဌာန)

ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းလျက် နှစ်စဉ်ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်ပညာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ယခုနှစ်ဩဂုတ် ၁၀ရက်မှ ၁၅ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး

ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေး စောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီး ဌာနနှင့်ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့်ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်ကလေး ကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာ ရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ၊ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းများထူထောင်

၁၉၉၅ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းဖြင့် အကျိုးများစေသည့် အလွန်ကောင်းသည့်အစီအစဉ်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့အစည်းအားလုံးမှ တူညီသောရည်မှန်းချက်၊ လုပ်နည်းလုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန်၊ ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းများ ထူထောင်ကြရန် (Global School Health Initiative)ဖြင့် စတင်လှုံ့ဆော်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ၁၉၉၆ခုနှစ်မှစတင်၍ ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းများ ထူထောင်ရေးစီမံချက်ကို ရေးဆွဲကာ ၁၉၉၈ခုနှစ်တွင် မြို့နယ်(၉၀)၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါမြို့နယ်အားလုံးတွင် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိသည်။

ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်းဆိုသည်မှာ

ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်း ဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့်ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲတိုးတက်မြင့်မားအောင် ဆောင်ရွက်နေသော လုပ်ငန်းပင်ဖြစ်သည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အရ သမားရိုးကျကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှစတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာလုံးအတွက်၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းများထူထောင်ရန် ရည်မှန်းချက်များ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များ။

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့်နီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းများထူထောင်ရန် ရည်မှန်းချက်များ၊ နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များပေါက်မြောက်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။

ယေဘုယျရည်မှန်းချက်

(၁) ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးလုပ်ငန်းဖြင့် ကျောင်းသားလူငယ်တစ်ရပ်လုံး၏ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်။

ဝိသေသရည်မှန်းချက်

၁။ နည်းလမ်းမျိုးစုံနှင့် ကျန်းမာရေးပညာပေးခြင်းဖြင့် မှန်ကန်သော ကျန်းမာရေးအသိပညာရရှိကာ အပြုအမူများပြောင်းလဲလာပြီး အလေ့အကျင့်ကောင်းများကျင့်သုံး၍ ကျန်းမာပျော်ရွှင်သော ဘဝပိုင်ရှင်များဖြစ်လာစေရန်။

၂။ မှုမှန်သော ကျန်းမာရေးလေ့ကျင့်စဉ်များကို ကျောင်းသားများမှ မိဘပြည်သူလူထုအတွင်းသို့ စိမ့်ဝင်ရောက်ရှိစေရန်။

၃။ ကျောင်းပတ်ဝန်းကျင်ပိုမိုသန့်ရှင်းကောင်းမွန်လာအောင် ဖန်တီးပေးရန်။

၄။ တစ်ကိုယ်ရေသန့်ရှင်းရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်။

၅။ အာဟာရပြည့်ဝ၍ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ပညာမြင့်မားသော မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန်နှင့်

၆။ ကျောင်းသားများ၏ ရောဂါပြဿနာများအား စောစီးစွာ ရှာဖွေကုသကာကွယ်ပေးရန်တို့ ဖြစ်ကြပါသည်။

နည်းဗျူဟာများ

၁။ ကြိုတင်အသိပေးညှိနှိုင်းဆွေးနွေးခြင်း

ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းများထူထောင်ရေးအတွက် မြို့နယ်ရှိပညာရေး၊ကျန်းမာရေးဌာန၊အာဏာပိုင်အဖွဲ့အစည်း၊နီးနွယ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊မိဘဆရာအသင်းနှင့် ပြည်သူများအား ကြိုတင်အသိပေးရန်၊ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်း၊ ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ကျောင်းအလိုက်သော်လည်းကောင်း၊ ကျောင်းအုပ်စုအလိုက်သော် လည်းကောင်း နှစ်စဉ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများ ထပ်ဆင့်ကျင်းပရန်။

၂။ အနုစိတ်စီမံချက်ရေးဆွဲခြင်း

နှစ်စဉ်ပညာရေးနှင့် ကျန်းမာရေးဌာနပူးပေါင်း၍ မြို့နယ်နှင့်ကျောင်းအဆင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းများ ထူထောင်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း။

၃။ သင်တန်းပို့ချခြင်း

နှစ်စဉ်မြို့နယ်အဆင့်၊ ကျောင်းအဆင့် ထိရောက်စွာပို့ချရန်။

လုပ်ငန်းစဉ်များ

ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မြို့နယ်တိုင်းတွင်နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ် တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန(သို့မဟုတ်) မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ဒေသအလိုက်ကျောင်းများသို့ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းကြီး(၉)ချက်ဖြစ်သော-

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း
(၂) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း
(၃) ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း
(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေးလုပ်ငန်း
(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း
(၆) ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း
(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း
(၈) သင်တန်းနှင့် သုတေသနလုပ်ငန်းနှင့်
(၉) ကျောင်းအားကစားနှင့် ကာယလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုလုပ်ငန်းများ

ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၀၉ခုနှစ် ဩဂုတ်လ ၁၀ရက်မှ ၁၅ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များအနေဖြင့် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာပြည်နယ်/တိုင်း/ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဆောင်ရွက်ခဲ့သည်-

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊
(ခ) ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊
(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊
(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊
(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊

ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့်အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ် ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အာဟာရဌာနနှင့် ပူးပေါင်း၍ UNICEF တို့၏ပံ့ပိုးမှုဖြင့် ပြည်နယ်နှင့် တိုင်းအားလုံးရှိ မြို့နယ်များမှ မူလတန်းကျောင်းသား စုစုပေါင်း ငါးသန်းခန့်အား ၂၀၀၉ခုနှစ် ဇူလိုင်လမှစ၍ ကျောင်းကျန်းမာရေး သီတင်းပတ်အထိ သန်ချဆေးများ ပထမအကြိမ်ဆက်လက်တိုက်ကျွေးခဲ့ပါသည်။ ဤကျောင်း သန်ချဆေးတိုက်ကျွေးရေးအစီအစဉ်အား UNICEF မှ ၂၀၁၀ ပြည့်နှစ်အထိ ဆက်လက်ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။

အထူးသဖြင့် ယခုနှစ်တွင် ကျောင်းများ၌ ကမ္ဘာ့လူတုပ်ကွေး ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရောဂါအကြောင်းပညာပေးခြင်း၊ ကျောင်းသားတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ဆေးခြင်းအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးခြင်း၊ ကျောင်းတိုင်း တုပ်ကွေးဖျားကျောင်းသား၊ ကျောင်းသူလူနာများအား ထောက်လှမ်း၍ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း၊ တုပ်ကွေးဖျားလူနာများအား ပါးစပ်၊ နှာခေါင်းစည်းများစနစ်တကျတပ်ဆင်ကာကွယ်စေခြင်းစသည့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျောင်းသားသူငယ်များသည် ပစ္စုပ္ပန်ကာလတွင်သာမက နောင်အနာဂတ်ကာလတွင်ပါ နိုင်ငံတော်အတွက်အရေးပါသော အင်အားတစ်ရပ်ဖြစ်သည်။ သို့ပါ၍ ကျောင်းသားလူငယ်များသည် တိုင်းပြည်ရှိ လူဦးရေတစ်ရပ်လုံးအနက် အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံး အုပ်စုလည်းဖြစ်ပါသည်။ ယင်းကျောင်းသားသူငယ်များသည် နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံသားကောင်းရတနာများ ဖြစ်လာကြစေရန်အတွက်ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးကြီးလှသည်။ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက ဆိုသကဲ့သို့ အမျိုးသားကျန်းမာရေး အစသည်လည်း စာသင်ကျောင်းကပင်ဖြစ်သည်။

သို့ပါ၍ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးဆိုသည့် အချက်အတွက် အခြေခံအကျဆုံး၊ အရေးကြီးဆုံးလုပ်ငန်း တစ်ခုဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ကို အဘက်ဘက်မှ စနစ်တကျ တိုးချဲ့၍ **“ကျန်းမာ၊ ပညာ၊ လူမှုရေးအဖွဲ့များနှင့် မိဘပြည်သူများ ပူးပေါင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကောင်း”**ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ကျောင်းကျန်းမာရေးလုပ်ငန်းကြီး ထိရောက် အောင်မြင်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးဆိုသည့်အချက်အတွက် အခြေခံအကျဆုံး၊ အရေးကြီးဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ကို အဘက်ဘက်မှ စနစ်တကျ တိုးချဲ့၍ “ကျန်းမာ၊ ပညာ၊ လူမှုရေး အဖွဲ့များနှင့် မိဘပြည်သူများ ပူးပေါင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကောင်း”ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ကျောင်းကျန်းမာရေးလုပ်ငန်းကြီး ထိရောက်အောင်မြင်စေရန် အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်။

ပညာပေးဆွေးနွေး

နမ့်ဆန်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အသိပညာပေးပွဲနှင့် အာဟာရတိုက်ကျွေးခြင်းကို ဩဂုတ် ၁၀ ရက်က နမ့်ဆန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဦးသောင်းဒန်ဦး ပညာပေးဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်များစုဆောင်း

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ဝေါ-ဘုရားပျို ကျေးလက်ဂဝံလမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားမှုကို ဩဂုတ် ၃ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက

တွဲဖက်ရွှေကျင်သာသနာပိုင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဟသ်ာသိရီမန္တစံကျောင်းတိုက်ကြီးဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် ပဲခူးတိုင်း ဝေါမြို့နယ် ဝင်းကဒါက် ကျေးရွာ ခမည်းတော်ဦးဖိုးမဲ၊ မယ်တော် ဒေါ်လှညိုတို့မှ ၁၂၇၈ ခုနှစ် နှောင်းတန်ခူး လဆန်း ၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက်ရေကန်ရွာ(ခလွန်သုံး ဂိုဏ်းချုပ်) ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၈ခုနှစ် နတ်တော်လဆန်း၆ရက်တွင် ညောင်တုန်းမြို့ ရွှေဟသ်ာတောရကျောင်းတိုက်ကြီး၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ ပထမစံကျောင်းဆရာတော် ဘဒ္ဒန္တဝါယာမကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့နယ် စမ်းချောင်းရွာတိုက် ကျောင်းအမ ဒေါ်ဒေါ်ဥမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းတိုက် သီလဝိသောဓနီခဏ္ဍသိမ်တော်ကြီး၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် သက်တော်(၇)နှစ်သားအရွယ်တွင် ဝေါမြို့နယ် ဝင်းကဒါက်ရွာ ဆရာကြီးဦးရွှေငိုနှင့် ကျိုက်ထိုမြို့ ကျောက်ရေကန်ရွာ၊ ခလွန်သုံး ဂိုဏ်းချုပ် ဆရာတော်ကြီးတို့ထံ၌ အခြေခံကျမ်းစာများကို သင်ယူတော်မူခဲ့ပြီး ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ပထမစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါယာမ၊ ဒုတိယစံကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏ၊ တတိယ စံကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ၊ နိုင်ငံတော်သြဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စတုတ္ထစံကျောင်းဆရာတော်ဘဒ္ဒန္တဝိမလ၊ နောင်တော်ရင်း နောင်ပတ္တရာရွာ ပုဗ္ဗာရုံကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏမဟာထေရ်တို့ ထံ၌လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇဝန၊ စစ်ကိုင်းမြို့ အတိ သုဒ္ဓါရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဒွါဒသမ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟသ်ာဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတသိရီ၊ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနာရဒနှင့် ယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ စစ်ကိုင်းမြို့ ဇေယျာသိန်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာထေရ် တို့ထံ၌လည်းကောင်း ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူဆည်းပူးတော်မူ၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယစာမေးပွဲများ ဖြေဆို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ညောင်တုန်းမြို့ရွှေဟသ်ာတောရကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ သုမနာရာမချောင်၊ ရန်ကုန်မြို့ ရွှေဟသ်ာတောရသိရီမန္တစံကျောင်းတိုက်တို့တွင် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲဆိုင်ရာ စာဝါပါဠိတော်အဋ္ဌကထာ၊ ဋီကာများကို သင်ကြားပို့ချတော်မူသည့်အပြင် ဗုဒ္ဓစရိတ (သက္ကတမြန်မာပြန်)အဘိဏှာသုတ် အဓိပ္ပါယတ္ထနှင့် မြန်မာပြန်၊ ရွှေဟသ်ာတောရအာရာမုပ္ပတ္တိကထာ၊ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေကျမ်း (ပထမတွဲနှင့်ဒုတိယတွဲ)၊ ဇာတကပါဠိ၊အဋ္ဌကထာများကို ရေးသားပြုစုတော်မူခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသံဂါယနာသင်္ဂီတိကာရက၊ ဆဋ္ဌသံဂါယနာဘာဏက ပါဠိပဋိဝိသောဓက၊ ဗုဒ္ဓဝံသပါဠိကထာ ပဋိဝိသောဓက၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ဒုတိယအကြိမ်မှစ၍ ဆဋ္ဌအကြိမ်အထိ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်နှင့် နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ရွှေကျင်နိကာယသာသနာလင်္ကာရ ဓမ္မဗိမာန်တော်ကြီး စောင့်ရှောက်ရေးအဖွဲ့ သြဝါဒါစရိယ ဆရာတော် အဖြစ်လည်းကောင်း၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ၊ဝိနယဂရုကစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၆ (၁၉၉၅)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ဂန္ထန္တရ ဗဟုဿုတ ဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူ၍ ၁၃၆၂(၂၀၀၁)ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း လှူဒါန်းပူဇော်ခြင်းကို ခံယူရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၇၁ခုနှစ်တော်သလင်းလဆန်း၄ရက် (၂၀၀၉ခုနှစ် သြဂုတ်လ ၂၃ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

၂၀၀၉ ခုနှစ် မဲခေါင်-ဂျပန် ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် သြဂုတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့်၂၀၀၉ခုနှစ် မဲခေါင်-ဂျပန် ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားနှင့် မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဓာတ်ပုံပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချန်ထရီယမ်ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Yasuaki Nogawa၊အာဆီယံ၊ မဲခေါင်နှင့်အိမ်နီးချင်းနိုင်ငံများမှ သံအမတ်ကြီးများနှင့်ဇနီးများ၊ သံရုံးဝန်ထမ်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သဘောတူ

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက**(ယာပုံ)**အမှာစကား ပြောကြားရာ၌ ၂၀၀၈ခုနှစ် ဇန်နဝါရီလအတွင်း တိုကျိုမြို့၌ကျင်းပခဲ့သည့် မဲခေါင်-ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမအကြိမ်အစည်းအဝေးမှ ၂၀၀၉ခုနှစ်ကို မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အဖြစ် သတ်မှတ်ကျင်းပရန် သဘောတူညီခဲ့ကြောင်း။

ရည်ရွယ်

မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ်၏ ရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်နှင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ လူငယ်အပြန်အလှန်ဖလှယ်ရေးအစီအစဉ်များ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည့် အစီအစဉ်များကို ပိုမိုတိုးမြှင့်စေရန် ဖြစ်ကြောင်း၊ မဲခေါင်ဒေသရှိ နိုင်ငံတစ်ခုချင်းစီတွင် မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားကိုကျင်းပရန် သဘောတူညီခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားကို မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဓာတ်ပုံပြပွဲနှင့် ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း၊ မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းအားဖြင့် မဲခေါင်ဒေသရှိနိုင်ငံများနှင့် ဂျပန်နိုင်ငံရှိ ပြည်သူများအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး ခရီးသွားလုပ်ငန်း အပါအဝင် ကဏ္ဍအားလုံးရှိ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်စေမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုကို ပြသသည်။

ပေးအပ်

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဂျပန်နိုင်ငံ သံအမတ်ကြီးတို့က ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်ကြသည်။

ကြည့်ရှု

ယင်းနောက် ဧည့်သည်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ၏ လမ်းပခုံးများ လမ်းနှင့်လိုက်လျောညီထွေရှိပြီး ညီညာစွာရှိစေရန်အတွက် ယန္တရားဖြင့် ဆောင်ရွက်နေမှုကို သြဂုတ် ၁၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမြတ်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဂျူဒိုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဂျူဒိုအဖွဲ့ တိုကျိုသို့ ထွက်ခွာ

ရန်ကုန် သြဂုတ် ၂၅

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သြဂုတ် ၂၄ရက်မှ ၃၁ရက်အထိ ကျင်းပမည့် Asia Junior Sports Exchange 2009 ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာဂျူဒိုအဖွဲ့သည် သြဂုတ် ၂၃ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားအဖွဲ့၏ မိဘဆွေမျိုးများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာဂျူဒိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အုပ်ချုပ်သူအဖြစ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးတင်မောင်ဦး (လက်ထောက် ညွှန်ကြားရေးမှူး အား/က)၊ နည်းပြများအဖြစ် ဦးသိန်းလှိုင် (အား/က)၊ အရာခံဗိုလ်ဉာဏ်စိုး (တပ်မတော်-လေ)၊ အားကစားသမားများအဖြစ် စောဂါဗြီအဲလ်၊ ချစ်မင်းမင်းကို၊ ဖြိုးကိုကို၊ ခင်ခင်စု၊ သင်းမြတ်အေးတို့ လိုက်ပါသွားကြသည်။ ပြိုင်ပွဲတွင် မြန်မာဂျူဒိုကစားသမားငါးဦးမှာ လူငယ် ကစားသမားများဖြစ်ပြီး(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် အသက်ငယ်ရွယ်ပြီး အလားအလာရှိသည့် လူငယ်ကစားသမားများဖြစ်၍ အတွေ့အကြုံရရှိစေရန်နှင့် ကမ္ဘာ့ထိပ်တန်း ဂျူဒိုကစားသမားများထံမှ နည်းစနစ်၊ နည်းပညာကောင်းများရရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

(မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်)

စူပါကော်ဖီမစ်မှ ကုန်သည်ကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် သြဂုတ် ၂၅

Super Coffee Mix မှ ရန်ကုန်မြို့ ညောင်ပင်လေးဈေး၊ မင်္ဂလာဈေး၊ ယုဇနပလာဇာ၊ သိမ်ကြီးဈေး၊ ဘုရင့်နောင်ပွဲရုံနှင့် မြို့နယ်အသီးသီးမှ ကုန်သည်ကြီးများအား ဂုဏ်ပြုပွဲနှင့် ညစာစားပွဲကို ယမန်နေ့က Traders Hotel ၌ ကျင်းပရာ အဆိုပါ ဂုဏ်ပြုပွဲသို့ ကုန်သည်ကြီးများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော အနုပညာရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုချီးမြှင့်

ဂုဏ်ပြုပွဲတွင် ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မှု အကောင်းဆုံး၊ရောင်းအား အကောင်းဆုံး ကုန်သည်ကြီးများအား ရွှေဒင်္ဂါးဆုများနှင့် Electronic ပစ္စည်းများဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဥတုရာသီတောကိုမှီ၍

အိုင်အိုဒင်းပါဝင်မှုစစ်ဆေး

သံတောင်ကြီး သြဂုတ် ၂၅

သံတောင်ကြီးမြို့တွင်းရှိ ကုန်စုံဆိုင်များ၌ ရောင်းချလျက်ရှိသော အိမ်သုံးဆားများတွင် အိုင်အိုဒင်း အရည်အသွေးပြည့်ဝစွာ ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကို သြဂုတ် ၁၃ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးစောခူးရီ၊ မြို့နယ်တာဝန်ခံဆရာဝန် ဒေါက်တာမြတ်သူနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

ခေါင်းမှာ ချာချာလည် ဘာကိုကြည့်ရမယ် မြန်မာ့လူမှုတန်ဖိုးများ ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းများတွင် အလေးထားဖော်ကျူးနိုင်ဖို့ လိုအပ်ကြောင်းကို ဒါရိုက်တာ ဇာတ်ညွှန်းရေးဆရာ၊ သရုပ်ဆောင်များ၏ သုံးသပ်ချက်များပါသည့် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၅)အမှတ်(၃၃)ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ **အိုင်ဒီအိုလိုဂျီလွန်ခေတ် အနာဂတ်ဟောကိန်းဟောနိုင်၊မဟောနိုင်**၊ ဆရာကိုကိုလှိုင်၏ **နိုင်ငံရေးပါတီနှင့် ပါတီစနစ်များ**၊ ဟန်းဖုန်းများအသုံးပြု၍ ပုဂ္ဂိုလ်ရေးထိခိုက်စေသည့် သတင်းပေးပို့မှုများဖြစ်ပေါ်နေ၊ နိုင်ငံခြားမှ လွှဲပို့လိုက်သောငွေများ နှစ်ရက်အတွင်း ထုတ်ယူနိုင်ရန် MICB ဘဏ်ကအမြန်ဆုံးဆောင်ရွက်ပေးနေ၊ ဝီစကီစက်ရုံမီးလောင်မှုဖြစ်ပွား၊ ကြက်သွန်ပေါပေါသုံးရတော့မည်၊ ရန်ကုန်ယူနိုက်တက် အင်္ဂလန်ထိပ်သီး အာဆင်နယ်နှင့်ချိတ်ဆက်၍ ဘောလုံးနည်းပညာ ယူရန်စီစဉ်နေ၊ မြန်မာနိုင်ငံတွင် ဘဏ်တော်အမြင့်ဆုံး ထိုင်တော်မူဘုရားကြီး ဖူးမြော်နိုင်တော့မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **ငလျင်နှင့်အသိအမြင်**အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ **အချိန်ကိုဘယ်လိုပိုင်းခြား စီမံသလဲ၊ပြေတီဦးနှင့်လိုတိုဖျူး** ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူတွင် လိုအပ်ချက်အရ နိုင်ငံခြားသားဆရာဝန်များ တိုးချဲ့ခန့်အပ်သွားမည်၊ ကမ္ဘာကြီးကို G-2 တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့က စီမံခန့်ခွဲသင့်သည်ဟူသောအဆိုကို စိတ်ဝင်စားမှုနည်းပါး၊ အာဖဂန်သို့ အမေရိကန်တပ်သားများထပ်မံစေလွှတ်ရန်ရှိဟုဆို၊ ဟောင်ကောင်မြို့ရှိ နေရာခုနစ်နေရာကို ချောင်းမြောင်းကြည့်ရှုသူများမြင်သာအောင် အမှတ်တမဲ့ဖော်လှစ်ပြရာရောက်သည့်နေရာအဖြစ်ဖော်ထုတ်၊ အာဖဂန်သမ္မတရွေးကောက်ပွဲတွင် မဲလိမ်လည်မှုများ ကြုံတွေ့နိုင်ဟုဆို၊ အရက်အလွန်အကျွံသောက်သုံးပါက ခံတွင်းကင်ဆာဖြစ်ပွားနိုင်၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို အမှတ်(၁) မူလတန်းလွန်ကျောင်း မရမ်းကုန်း ဘောလုံးကွင်း၌ ဩဂုတ် ၁၂ရက်ကကျင်းပရာ အသက် (၁၆) နှစ်အောက်ပြိုင်ပွဲ ပထမဆုရရှိသော အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအသင်းကို မြို့နယ်ပညာရေးမှူး ဒေါ်တင်ငွေက ဒိုင်းဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

တမူးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

တမူး ဩဂုတ် ၂၅ (ဖက်စ်)

(၁၇)ကြိမ်မြောက် တမူးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၇နာရီက တမူးမြို့ အထက ကဘော်ခန်းမ၌ကျင်းပရာ တမူးခရိုင်ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး အောင်မြတ်မိုး၊ နယ်မြေခံ တပ်မှ ဒုတိယဗိုလ်မှူးကြီး ကြည်လှိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

လီဗာပူးတို့အိမ်ကွင်း၌ ပထမဆုံးရှုံးပွဲကြုံ ဗီလာတို့အကောင်းဆုံးခံစစ်ဖြင့်ခြေစွမ်းပြ

အားကစားသတင်းမှတ်စု - မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၃)လက်ကျန်ပွဲအဖြစ် လီဗာပူးနှင့် အက်စ်တွန်ဗီလာအသင်းတို့ ဩဂုတ် ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက အိမ်ကွင်း၌ သုံးဂိုး -တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ယင်းပွဲတွင် လီဗာပူးကစားသမားလူးကတ်စ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိရာမှ အက်စ်တွန်ဗီလာတို့ ဖွင့်ဆော်ဦးဂိုး စတင်ရရှိခဲ့သည်။ ပထမပိုင်း နာကျင်ချိန်တွင် ဒါးဗီးစ်၏ ခေါင်းတိုက်ဂိုးကြောင့် ဗီလာတို့ ဒုတိယမြောက်ဂိုးရရှိခဲ့ပြန်သည်။

ကန်သွင်းယူ

လီဗာပူးတို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇၂ မိနစ်တွင် တိုက်စစ်မှူးတောရက်စ်က လီဗာပူးအသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရက်က အက်စ်တွန်ဗီလာမှ ရီယိုကိုကာအား လီဗာပူးဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာကစားမိခဲ့သဖြင့် ပယ်နယ်တီပေးလိုက်ရသည်။ ယင်းပယ်နယ်တီကို အက်ရှ်လေယန်း ကန်သွင်းယူခဲ့သဖြင့် ပွဲအပြီး လီဗာပူးတို့ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဂိုးမသွင်းနိုင်

ပွဲအပြီး လီဗာပူးနည်းပြရာဖေးလ်ဘင်နီတက်ဇ်က “ကျွန်တော့်ကစားသမားတွေ ဒီခြေအတိုင်းဆက်ကစားသွားရင် အရှုံးနဲ့ရင်ဆိုင်ရမှာသေချာတယ်။ အများကြီးကြိုးစားဖို့ လိုပါသေးတယ်။ ပထမပိုင်း မိနစ် ၂၀အတွင်းမှာ ဂိုးသွင်းခွင့်တွေရခဲ့ပေမယ့် ဂိုးမသွင်းနိုင်ခဲ့ကြဘူး။ ဒီအတွက် နောင်တရမိပါတယ်”ဟု သတင်းထောက်များအား ပြောကြားသည်။ ထို့အတူ အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်ကလည်း “ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေ ခံစစ်အကောင်းဆုံးကစားပြသွားတာ တွေ့ရတယ်။ လီဗာပူးတိုက်စစ်မှူးတွေ တရစပ်တိုက်စစ်ဆင်ကစားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့် ကစားသမား တွေရဲ့ခံစစ်ကို မကျော်လွှားခဲ့ပါဘူး”ဟု ပြောကြားသည်။ **(အင်တာနက်)**

အကြိတ်အနယ်

အက်စ်တွန်ဗီလာမှ ပီထရော့(ဝဲ)နှင့် တောရက်စ်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင် ကစားကြသည်။
(အင်တာနက်ဓာတ်ပုံ)

ဩဂုတ်၂၃ရက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြုံယမ်းမြို့တွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ပြုံယမ်းနိုင်ငံတကာ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် ဦးဘန်နီချစ်(မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်)၊ ဦးမောင်မောင်သန်း(အလုပ်အမှုဆောင်)၊ ဦးရဲကျော်(နည်းပြချုပ်)၊ အားကစားသမားများအဖြစ် ကြည်မြင့်(ပြည်ထဲရေး)နှင့် သက်ကိုကိုလတ်(ဘဏ္ဍာ/အခွန်)တို့ပါဝင်သည့် မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

အထက(၃) မရမ်းကုန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၆ရက် နံနက် ၉နာရီတွင် အထက(၃)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးသက်ခိုင် MT & TOURS ကိုးမိုင် ဖုန်း-၆၆၃၁၆၁၊ ၀၉-၅၁-၇၅၁၃၅၊ ဦးအေးလင်း မြနန္ဒာဆောက်လုပ်ရေး ဖုန်း-၆၆၇၃၆၅၊ ၀၉-၅၁-၀၄၉၈၃၊ ဦးသူရကိုကို ဝိဇ္ဇာလမ်း ကိုးမိုင် ဖုန်း-၀၉-၅၅-၀၁၀၁၄၊ ဦးအောင်ချိုအေး (၄၅) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၄၃၉၈၊ ဒေါ်မြမြဝင်း နံ့သာဆေးဆိုင် ရှစ်မိုင်လမ်းဆုံ ဖုန်း-၀၉-၅၀-၀၅၈၂၉၊ ဒေါ်ရီရီမြတ် အထက(၃)မရမ်းကုန်း ဖုန်း-၆၆၀၈၉၄၊ ၆၆၃၁၇၅၊ ဒေါ်တင်တင်ဌေး အောင်မင်္ဂလာဆေးဆိုင် ရှစ်မိုင် ဖုန်း-၆၆၆၆၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၅)

ဩဂုတ် ၁၃ ရက်က ထားဝယ်မြို့ ရင်ပြင်ပတ်လမ်း၊ ဦးတိုက်စေတီလမ်း လယ်ကျွန်းနှင့် မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်း အဆင့်မြှင့်

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့တွင်းကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပေ ၁၄၅၀ ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှုကို ဩဂုတ် ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးမှူး ဦးမင်းဦးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထပ်ပိုးလွှာခင်း

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အနောက်မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မြတ်သက်နှင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ပွဲစဉ်(၃)အပြီး ပရီမီယာလိဂ် အသင်းများရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
စပါး	၃	၃	-	-	၉
ချယ်လ်ဆီး	၃	၃	-	-	၉
အာဆင်နယ်	၂	၂	-	-	၆
မန်ယူ	၃	၂	-	၁	၆
မန်စီးတီး	၂	၂	-	-	၆
ဆန်းဒါးလန်း	၃	၂	-	၁	၆
ဘန်လေ	၃	၂	-	၁	၆
ဘာမင်ဂမ်	၃	၁	၁	၁	၄
စတုတ်	၃	၁	၁	၁	၄
လီဗာပူး	၃	၁	-	၂	၃
ဝက်စ်ဟမ်း	၂	၁	-	၁	၃
ဗီလာ	၂	၁	-	၁	၃
ဖူလ်ဟမ်	၂	၁	-	၁	၃
ဝုလ်ဗာဟမ်တန်	၃	၁	-	၂	၃
ဟူးလ်စီးတီး	၃	၁	-	၂	၃
ဝီဂန်	၃	၁	-	၂	၃
ဘော်လ်တန်	၂	-	-	၂	၀
ဘလက်ဘန်း	၂	-	-	၂	၀
ပို့စ်မောက်	၃	-	-	၃	၀
အဲဗာတန်	၂	-	-	၂	၀

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဂိုးအများဆုံးသွင်းထားသူများ

ဂျာမိန်းဒီဖိုး	လေးဂိုး(စပါး)
ရွန်နေ	သုံးဂိုး(မန်ယူ)
ဒရော့ဘာ	သုံးဂိုး(ချယ်လ်ဆီး)
ဖာဘရီဂတ်စ်	နှစ်ဂိုး(အာဆင်နယ်)
အဘူဒီယာဘိုင်	နှစ်ဂိုး(အာဆင်နယ်)
အဒီဘာယော	နှစ်ဂိုး(မန်စီးတီး)
ကင်ဝိန်ဂျုံးစ်	နှစ်ဂိုး(ဆန်းဒါးလန်း)
ဝီလျံဂါးလက်စ်	နှစ်ဂိုး(အာဆင်နယ်)
ဖာနန်ဒိုတောရက်စ်	နှစ်ဂိုး(လီဗာပူး)
ဒါရင်ဘင့်	နှစ်ဂိုး(ဆန်းဒါးလန်း)
စတီဗင်ဟန့်	နှစ်ဂိုး(ဟူးလ်စီးတီး)

(အင်တာနက်)

ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၀၉ကို ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အဖွဲ့ တက်ရောက်စဉ်။ (အား/ကာ)

ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၀၉ ကျင်းပ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြီးကြပ်ပေး

နေပြည်တော် ဩဂုတ် ၂၅

ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၀၉ကို ဩဂုတ်၁၉ရက် နံနက်၉နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းတို့ တက်ရောက်ကြီးကြပ်ခဲ့ကြသည်။

တက်ရောက်

အဆိုပါ ညီလာခံသို့ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ် ၄၀စဉ်း တက်ရောက်ခဲ့ကြပြီး သဘာပတိအဖြစ် ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးထပ်ကုန်းနှင့် ဦးပေါင် ခန့်မုန်တို့က ဆောင်ရွက်ကြသည်။

အစီရင်ခံစာတင်သွင်း

ရှေးဦးစွာ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ အကြိုညီလာခံသို့ အစီရင်ခံစာများ အသီးသီးတင်သွင်းကြသည်။

ယင်းနောက် အကြိုညီလာခံတွင်ချမှတ်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အကြိုညီလာခံကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များက အကြိုညီလာခံသို့တက်ရောက်လာကြသည့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ စစ်မှုထမ်းဟောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး
ပညာပေးဟောပြော

နေပြည်တော်ပျဉ်းမနား ဩဂုတ် ၂၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု ကျည်တောင်ကန် ရဲတပ်ဖွဲ့စခန်းကကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကို ဩဂုတ် ၁၃ရက်မှ ၁၄ရက်အထိ ရဲစခန်းအပိုင်နယ်မြေအတွင်းရှိ ကျေးရွာများတွင် စုရပ် ခြောက်နေရာသတ်မှတ်၍ ဟောပြောသည်။

ပညာပေးဟောပြော

ဟောပြောပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ (မိတ္ထီလာခရိုင်)မှ ရဲအုပ်မျိုးလွင်၊ ရဲအုပ်ကျော်မြနွယ်နှင့် ကျည်တောင်ကန်ရဲစခန်းမှူး ရဲအုပ်မြရွှေတို့က လူကုန်ကူးမှုပေါ်ပေါက်လာပုံ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြည်တွင်း၊ ပြည်ပလူကုန်ကူးမှုများအား ဖော်ထုတ်အရေးယူခဲ့သည့်ဖြစ်စဉ်များကို ပညာပေးဟောပြောသည်။

တက်ရောက်

ဟောပြောပွဲများသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ စာရိတ္တမဏ္ဍိုင်စာကြည့်တိုက်
မြေနေရာရရှိရေး ညှိနှိုင်းဆွေးနွေး

ပုလဲ ဩဂုတ် ၂၅

မုံရွာခရိုင် ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ စာရိတ္တမဏ္ဍိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံနှင့် မြေနေရာရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် စာကြည့်တိုက် နာယကက စာကြည့်တိုက်ဖွင့်လှစ် ထူထောင်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အကျယ်တဝင့်ရှင်းလင်း

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က မြေနေရာရရှိရေးနှင့် အဆောက်အအုံ ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးလှိုင်က သုတ၊ရသစာအုပ် ၃၇အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်မင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင်စာငှားစနစ်အသုံးပြုရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ရက်က ကန်/မြောက်ရပ်ကွက် စာကြည့်တိုက်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သောင်းမြင့်က စာကြည့်တိုက်များ စာငှားစနစ်ကျင့်သုံးရေး ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

လက်ခံယူ

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို ဇူလိုင် ၁၄ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လှက ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ရာ မြို့နယ် ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် ဝန်ထမ်းများက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ မသန်စွမ်း အားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ ရွှေတံဆိပ် ၁၄ခု၊ ငွေတံဆိပ် ၁၉ခုနှင့် ကြေးတံဆိပ် ခုနစ်ခုဆွတ်ခူးနိုင်ခဲ့

ရန်ကုန် ဩဂုတ် ၂၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် ၂၀၀၉ခုနှစ် (၅)ကြိမ်မြောက် အာဆီယံနိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော ဗိုလ်မှူးကြီးဌေးနိုင်ခေါင်းဆောင်သည့် မြန်မာ မသန်စွမ်းအားကစားအဖွဲ့သည် ဩဂုတ် ၂၁ရက် မွန်းတည့်၁၂နာရီက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ညွန့်၊ တာဝန်ရှိသူများနှင့် အားကစားသမားများ၊ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

မြန်မာ မသန်စွမ်းအားကစားအဖွဲ့သည် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးဘော်လီဘောရိုက်ခတ်ဆုကို ဇော်မိုးအောင်ကလည်းကောင်း၊ ပင့်ထောင်စုကို မျိုးသန်းထက်ကလည်းကောင်း၊ စပေးဘောဖမ်းဆုကို မျိုးမြင့်လှိုင်ကလည်းကောင်း ရရှိခဲ့ကြသည်။

ထို့ပြင် ပြေးခုန်ပစ်အားကစားသမား မသိမ့်သူသူလင်းက သံပြားဝိုင်းပစ်၊ သံလုံးပစ်နှင့် လှံတံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခု ဆွတ်ခူးပေးခဲ့ပြီး ရေကူးအားကစားသမား နိုင်စစ်အောင်ကလည်း ရွှေတံဆိပ်သုံးခုကို ဆွတ်ခူးပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားသမားများက ရွှေတံဆိပ်၁၄ခု၊ ငွေတံဆိပ်၁၉ခုနှင့် ကြေးတံဆိပ်ခုနစ်ခု စုစုပေါင်း ဆုတံဆိပ်၄၀ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဈေးပတ်လမ်း ကွန်ကရစ်ခင်း

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်သော အရှည် ၄၄၂ပေရှိ ဈေးပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူးဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၇)

မအူပင်ခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်

မအူပင် ဩဂုတ် ၂၅

မအူပင်ခရိုင်(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ဖွင့်ပွဲကို ဩဂုတ် ၁၉ရက် နံနက် ၉နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ ပြိုင်ပွဲ၌ အဆိုတွင် ဝါသနာရှင် (ဒုတိယတန်း)မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ် သီချင်း၊ အကတွင် ဝါသနာရှင် ဒုတိယတန်း (မ)၊ အခြေခံပညာ(၁၆-၂၀)နှစ် (မ)၊ (၅-၁၀)နှစ် (မ)၊ အရေးတွင် ဝါသနာရှင် (ဒုတိယတန်း) (ကျား၊မ)၊ အတီးတွင် စောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်းကြီး၊ တစ်ကိုယ်တော် နှဲ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ စန္ဒရားနှင့်အိုးစည်၊ ဒိုးပတ်အဖွဲ့များ ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲကို ဩဂုတ်၂၀ရက် ည ၇ နာရီက ကျင်းပသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ချောင်းများတွင် ငါးသယံဇာတ ပေါကြွယ်ဝစေရေး ညောင်တုန်းမြို့နယ်တွင် ငါးမျိုးစိုက်ထည့်

ညောင်တုန်း ဩဂုတ် ၂၂

မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးမပြုန်းတီးစေရေး၊ ငါးသယံဇာတပေါကြွယ်ဝစေရေးနှင့် စားသုံးသူပြည်သူများ ငါးမျိုးစုံ ပေါကြွယ်ဝစွာ စားသုံးနိုင်ရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ပန်းလှိုင်ရေထိန်းတံခါး၌ ဩဂုတ် ၁၇ရက် နံနက် ၈နာရီက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့က ငါးမြစ်ချင်း ၁၀သိန်း၊ ထိုင်းငါးခုံးမ သုံးသိန်းခွဲ၊ ရွှေဝါတစ်သိန်းနှင့် တီလားပီးယားငါးသောင်း စုစုပေါင်း ငါးမျိုးစုံ ကောင်ရေ ၁၅သိန်းကို ပန်းလှိုင်ရေထိန်းတံခါးအတွင်းသို့ ငါးမျိုး စိုက်ထည့်ခဲ့ကြသည်။ **(ယာပုံ)**

မဲဇလီရေထိန်းတံခါး

အလားတူပင် ညောင်တုန်းမြို့နယ် မဲဇလီရေထိန်းတံခါးတွင်လည်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၁၈ ရက်က ကျင်းပရာ ငါးမျိုးစုံ ၁၅သိန်းကို မဲဇလီရေထိန်းတံခါးအတွင်းသို့ စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

(၁၂၅)

ရှင်းလင်းတင်ပြ

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့ပြရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်တင်ခိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒေသခံပြည်သူများ ကျန်းမာရေး သာပေါင်းမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ပေး

ပုသိမ် ဩဂုတ် ၂၃

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်သည် သာပေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အတူ ခရိုင်မြေစာရင်းဦးစီးမှူး ဦးသိန်းလွင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းခရိုင်မန်နေဂျာ ဦးတင်ရှိန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းနှင့် တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာတင်ထွန်းအောင်နှင့်အဖွဲ့လိုက်ပါလျက် ဩဂုတ် ၂၀ရက် နံနက် ၁၀ နာရီက သာပေါင်းမြို့နယ်အတွင်းရှိ အုတ်ရှစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာတင်ထွန်းအောင်နှင့်အဖွဲ့က ဒေသခံပြည်သူများအား ဆေးဝါးကုသပေးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘုရားနီကျေးရွာအုပ်စု၊ ကျားရဲကျေးရွာအုပ်စုများသို့ကွင်းဆင်း၍ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး ဆေးဝါးကုသပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာရေးအထောက်အကူပြု စာပေဟောပြောပွဲ နမ့်ဆန်၌ ကျင်းပ

နမ့်ဆန် ဩဂုတ် ၂၀

နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် နမ့်ဆန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအား ပညာရေးအထောက်အကူပြု စာပေဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ဝင် စာရေးဆရာ၊ သတင်းစာဆရာ ဦးလှမောင်လတ် (သီပေါကိုလတ်)က စာစီစာကုံးနှင့် မြန်မာစာပေ ခေါင်းစဉ်ဖြင့်ဟောပြောပြီး ကျောင်းသားကျောင်းသူများ၏ ပြန်လည်မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

ရေနုတ်မြောင်းများ၌ ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင်အောင်လွင်၊ လက်ထောက်အင်ဂျင်နီယာဦးဝင်းဦးတို့ပါဝင်သောအဖွဲ့ ဇူလိုင်၂၄ရက်တွင် နမ့်ခမ်းမြို့ကောင်းထက်ရပ်ကွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(၁၂၃)

ဩဂုတ် ၁၀ရက်က ထားဝယ်မြို့အဝင် မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းကို ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးစံပြကွက် ကောက်စိုက် သရုပ်ပြသ

ဟုမ္မလင်း ဩဂုတ် ၁၈

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ထက်သာစံပြကျေးရွာ မိုးစပါးစံပြကွက် ကောက်စိုက်သရုပ်ပြပွဲ အခမ်းအနားကို ကွင်းအမှတ် ၁၃၂ဦးပိုင်အမှတ် ၃၅ တောင်သူ ဦးသန်းအောင်၏ လယ်ကွင်း၌ ဩဂုတ် ၁၁ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။ အစီအစဉ်အရ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဒေါ်နန်းအမ်းတော်က ကောက်စိုက်သရုပ်ပြပွဲ ကျင်းပရခြင်းနှင့်စိုက်စနစ် ရှင်းလင်းတင်ပြပြီး သရုပ်ပြကောက်စိုက်နေမှုကို တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။ ၄င်းနောက် မြို့နယ်ဥက္ကဋ္ဌက ကောက်စိုက်အဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

သီပေါ၌ မိုးစပါးစုပေါင်းဓာတ်မြေဩဇာကြဲပက်

သီပေါ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ၂၀၀၉-၂၀၁၀ မိုးစပါးစုပေါင်း ဓာတ်မြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၁၇ ရက်က မန်ဟဲကျေးရွာ တောင်သူလယ်သမားကြီးဦးဆန်စိုင်း၏ ဆင်းရှေ့လီအထွက်တိုး စပါးမျိုးငါးဧက၌ ကျင်းပသည်။

အဆိုပါ မိုးစပါးစုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲသို့ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ၊ မန်ဟဲကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျင်သီ၊ လော်ခွန်၊ ပုံဖန်းကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြပြီး ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

(၀၂၀)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညေဝတီ လမ်းဘေးဝဲယာ တစ်လျှောက် စကြာပန်း၊ ခရာဝါ၊ ပန်းအိပန်းအလှပင်များကို ဩဂုတ် ၁၀ရက်က စိုက်ပျိုးကြရာ အမှုဆောင် အရာရှိ ဦးစောဝေနှင့်ဒုတိယဦးစီးမှူး(အခွန်)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျော့ကရိတ်မြို့နယ်တွင် စုပေါင်းမြေသြဇာကြဲပက်

ကျော့ကရိတ် ဩဂုတ် ၂၃

ကျော့ကရိတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ချောင်းတောင်ကွင်းရှိ တောင်သူ ဦးစောတင်လှုပါ ငါးဦး၏လယ်မြေ၌ မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲကို ဩဂုတ်၂၀ရက် နံနက် ၈နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လယ်သမားများ တက်ရောက်ကြသည်။

ကြဲပက်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြေသြဇာအသီးသီး ကြဲပက်ဖွင့်လှစ်၍ တောင်သူလယ်သမားများက လယ်မြေများတွင် စုပေါင်းမြေသြဇာကြဲပက်ကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှပြသထားသော ဒေသသုံး ဓာတ်မြေသြဇာများ၊ သဘာဝမြေသြဇာ (တီကျစ်စာ)၊ ပိုးမွှားရောဂါသတ်ဆေးနှင့် ပိုးသတ်ဆေး၊ ဒေသအထွက်ကောင်း မျိုးစပါးနှင့် စပါးပျိုးပင်များ၊ ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မော်လမြိုင်ကျွန်းမြို့နယ် အထက(၇)၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ရက်က မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေး

ရှေးဦးစွာ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ရီက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း)ဒုတိယရဲမှူးမြင့်အေး **(အောက်ပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရေး အကြောင်းကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က ဆိုင်ကယ်နှင့် စက်ဘီးစီးနင်းသူများ၊ ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်အောင်နိုင်က လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အတွက် လက်အချက်ပြစနစ်အကြောင်းကိုလည်းကောင်း ဟောပြောပြသကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဓာတ်လမ်းခွေကို ပြသသည်။

ပေးအပ်

ထို့နောက် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ရီထံပေးအပ်ပြီး ခေတ္တကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ဟောပြောပွဲကျင်းပ

ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ ဓာတ်ပုံမှတ်တမ်းများနှင့်သိရှိလိုက်နာစေရေး စည်းကမ်းချက်များကို ဟောပြောပွဲကျင်းပသည့် ကျောင်းတိုင်းတွင် ရက်သတ္တပတ်ကြည့်ရှုလေ့လာနိုင်ရန် ပြသပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပန်းအလှပင်များ စိုက်ပျိုးရန်အတွက် ပန်းအိုးများဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး သီပေါတွင် ခြင်ဆေးဖျန်း

သီပေါ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ငှက်ဖျားနှင့်သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးကျော် ဦးဆောင်ပြီး လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်၍ မြို့ပေါ်ကျောင်းပတ်ဝန်းကျင်၊ ဆေးရုံပတ်ဝန်းကျင်နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်တို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

(၀၂၀)

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်

မင်းကင်း ဩဂုတ် ၁၈

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ရွာတော်ရွာ အလယ်တန်းကျောင်းခွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက် ၉ နာရီက ကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဦးဟန်ငွေ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်စန်းနှင့် အကျိုးတော်ဆောင် ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဟန်ငွေက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ ငွေပဒေသာပင်စိုက်ထူရန် ပြည်သူများက အလှူငွေကျပ် ၂၄၄၀၀၀၊ တီဗွီ ၂၁လက်မ ကာလာတစ်လုံး၊ အောက်စက်တစ်လုံးနှင့် ပရိဘောဂပစ္စည်းများ လှူဒါန်းကြောင်း သိရသည်။

(၀၃၃)

ဒီဂျစ်တယ်ချိန်ခွင်စစ်ဆေး

ဩဂုတ် ၁၅ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဈေးများအတွင်း ဈေးဝယ်သူများ အလေးချိန်ခွင်မှန်ကန်စွာဖြင့် ဝယ်ယူနိုင်ရေးအတွက် အလေးချိန်ခွင်မှန်ကန်မှုရှိ၊ မရှိကို ဦးစီးအရာရှိ ဦးအောင်သူဝင်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကျင်စိုးနှင့်အဖွဲ့ဝန်ထမ်းများ ဒီဂျစ်တယ်ချိန်ခွင်ဖြင့် တိုက်ဆိုင်စစ်ဆေးချိန်တွယ်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်သတင်းများ

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသပ်ရပ်သာယာလှပမှု ရှိစေရေးအတွက် ဩဂုတ်၈ရက်က မြို့တွင်း လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)



ရှင်းလင်းပြသ

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လမ်းတံတား ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေ ဩဂုတ်၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

26-8 (17).pmd 1 8/26/2009, 1:44 AM

စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေး စဥ့်ကူး၌ စစ်ဆေးဆောင်ရွက်

စဥ့်ကူး ဩဂုတ် ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေလိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက်၁၀နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စဥ့်ကူးမြို့နယ်ရုံးသို့ရောက်ရှိပြီး ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ စံ(၅)ချက်နှင့်ကိုက်ညီသည့် စာကြည့်တိုက်များဖြစ်ရေး၊ စာကြည့်တိုက်များတွင် စာငှားစနစ်ချမှတ်ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး စသည်တို့ကို မှာကြားကာ ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေတို့သည် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများလိုက်ပါ၍ တရော်ပင်ကျေးရွာတွင် ငွေစင်ကြယ်ကုမ္ပဏီကဆောက်လုပ်လှူဒါန်းသည့် ပညာပျိုးခင်းစာကြည့်တိုက်သို့သွားရောက်၍ ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းမှာကြားပြီး စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၈

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဌာနစိတ်မှ ဦးနေလင်းကျော်(ကျန်းမာရေးမှူး-၂)နှင့် ဈေးနှင့်သားသတ်ဌာနစိတ်မှ ဒေါ်ရွယ်ဂျာ (ဒုတိယဦးစီးမှူး-ဈေး)တို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးတို့တွင် မိုးရာသီတွင် ဖြစ်ပွားတတ်သော ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး (လက်ထောက် ညွှန်ကြားရေးမှူး)က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



မြို့နယ်သတင်းများ

မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၁ရက်က မြို့လုလင်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်မင်းဦးတို့က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကွန့်ဟိန်း မြို့နယ်အတွင်း ဆိုးဆေးများ၊ ဓာတုဆေးဝါးများ သုံးစွဲထားသည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ဇွန်၂၁ရက်က မြို့နယ်အတွင်းရေးမှူး ဦးဝင့်ဇော်၊ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဉာဏ်ထွန်းတို့ ကွင်းဆင်း စစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုး

နွားထိုးကြီး ဩဂုတ် ၁၉

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်၊ ဒုတိယ ဦးစီးမှူး(အခွန်) ဒေါ်အေးအေးသိန်း ဦးဆောင်သော စည်ပင်သာယာဝန်ထမ်းများသည် ဩဂုတ်၉ရက်က ရန်ကုန်-မန္တလေးလမ်း ပဲခူးရိုးမဖြတ်လမ်း ပြင်စည် နှင့် ဇီးတောလမ်းပိုင်း လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင် ၁၀၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။ ကုက္ကို၊ တမာ၊ စိန်ပန်း စသည့် အရိပ်ရပင်များကို စနစ်တကျ ရေလောင်းစိုက်ပျိုးကြခြင်းဖြစ်ပြီး နွားထိုးကြီးမြို့နယ်အတွင်းရှိ ယင်းလမ်း ၁၄မိုင်ကျော်ကို ဆက်လက်စိုက်ပျိုးကြမည်ဖြစ်သည်။ (၀၉၂)

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၅
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၉၁

ဦးကျော်မင်း နှင့် ဒေါ်ဆိုကီ(ခ) ဒေါ်ချိုချိုမာ
ဒီကရီအနိုင်ရသူ **တရားရှုံး**

အထက်ဖော်ပြပါ တရားရှုံး ဒေါ်ဆိုကီ(ခ) ဒေါ်ချိုချိုမာ အမှတ်-၅၅၅၊ စပါယ်လမ်း၊ နှယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၇၅တွင် ချရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၉ခုနှစ် စက်တင်ဘာ၁၀ရက် (၁၃၇၁ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၉ခုနှစ် ဩဂုတ်၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကြည်
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ဖိတ်ကြားအပ်ပါသည်

ဇေယျ(၇၄) သင်တန်းဆင်းတရားရေးအရာရှိများ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်တွေ့ဆုံပွဲ၊ ဆွမ်းလောင်းလှူပွဲနှင့် ဆရာကန်တော့ပွဲကို ၄-၉-၂၀၀၉ ရက် (သောကြာနေ့) ညနေ ၄ နာရီအချိန်တွင် ရန်ကုန်မြို့ ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ဇေယျ(၇၄) သင်တန်းဆင်းသူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ကျင်းပရေးကော်မတီ။

ဦးဟန်သောင်း (အေးအေးခိုင်ကုမ္ပဏီ၊
ကျောက်စိမ်းပြားထုတ်လုပ်ရေးနှင့် အလှဆင်ရေးမန်နေဂျာ)နှင့်

အများသိစေရန် သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ၅ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် (ဂ/၈၁)နေ မြန်မာ့ကျောက်စိမ်းမင်းဟန်ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးမင်းဟန်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးမင်းဟန်၏ ကုမ္ပဏီမှာ ရန်ကုန်မြို့ မဟာပါသဏာလိုဏ်ဂူတော် အတွင်း၊အပြင် ကျောက်စိမ်းပြားအလှဆင်ခြင်းလုပ်ငန်း၊ ရွှေတိဂုံစေတီတော်ရှိ ကျောက်စိမ်းတိုင်လုပ်ငန်းများနှင့် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွင်းရှိ ကျောက်စိမ်းတိုင်ကြီးများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ ကျွန်ုပ်အမှုသည်၏ ကျောက်စိမ်းပြားအလှဆင်လုပ်ကွက်များကို ရုပ်သံရိုက်ကူးစေလျက် အေးအေးခိုင်ကုမ္ပဏီက အဆိုပါလုပ်ကွက်များကို လုပ်ဆောင်ခဲ့သယောင် ဦးဟန်သောင်းက ၁၅-၈-၂၀၀၉ရက်က တင်ဆက်ခဲ့ပါသည်။ သို့ဖြစ်၍ ဦးဟန်သောင်း၏ မှားယွင်းသောတင်ပြချက်များကြောင့် ကျွန်ုပ်အမှုသည် ကုမ္ပဏီလုပ်ငန်း ကျော်စောသတင်းနှင့် စီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေပါသည်။

ထိုကိစ္စရပ်များကို နောက်နောင်တွင် ဆက်လက်၍ မပြုလုပ်ရန်နှင့် အဆိုပါ လုပ်ရပ်အတွက် ကျွန်ုပ်အမှုသည် ကျေနပ်မှုရရှိသည်အထိ ရက်သတ္တတစ်ပတ်အတွင်း ဖြေရှင်းဆောင်ရွက်စေရန် ကြားသိစေအပ်ပါသည်။ လိုက်နာမှုမရှိပါလျှင် သက်ဆိုင်ရာ တရားဥပဒေများနှင့်အညီ အရေးယူတော့မည်ဖြစ်ပါကြောင်း။

ဦးမင်းဟန်	**မြင်းခြံဦးစိန်ဝင်း**
(လွှဲအပ်ညွှန်ကြားသူ)	**တရားရုံးချုပ်ရှေ့နေကြီး**
	၁၃၉၊ ၃လမ်း၊ ၁၆/၂ရပ်ကွက်၊
	သဃ်ၤန်းကျွန်းမြို့နယ်၊
	ရန်ကုန်မြို့၊ ဖုန်း-၅၇၀၄၉၂။

ရောင်းမည်

စားသောက်ဆိုင်တစ်ဆိုင်စာ
စားပွဲ၊ ကုလားထိုင်၊ အိုးခွက်ပန်းကန်
Freezers နှစ်လုံး၊ Blower
25 KVA မီးစက် တစ်လုံး။
ဖုန်း-၀၉-၅၁၉-၀၂၁၈၊
၀၉-၂၀၄-၂၁၁၂။



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ စောဥသြ ၃/ဘအန(နိုင်) ၀၃၀၇၇၃သည် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ပေါ်ပေါက်လာမည့် ၄င်း၏ကိစ္စများကို လုံးဝတာဝန်မယူပါ။

မိခင်-ဒေါ်တင်ရွှေ
၃/ဘအန(နိုင်)၀၀၉၇၁၈။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၈၄၀၂+၁ ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ထွန်း ၁၂/တမန(နိုင်)၀၀၀၆၁၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ရွာသာကြီးရုံး)၊
ရန်ကုန်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးအထူးတင်ရှိခြင်း

ကျေးဇူးရှင် ဖခင်ကြီး ဦးမောင်မောင်ညို [ဒုတိယညွှန်ကြားရေးမှူး (သတင်း-ငြိမ်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း]၏ နာရေးတွင် ကူညီခဲ့ကြသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် သတင်းစာဆရာကြီးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ Zenith ကျူရှင်မှ ဆရာ ဆရာမများ၊ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း(Star မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး)၊ Myanmar Lacquerware Shop၊ (၄၃)လမ်းမှ ရပ်မိရပ်ဖများ၊ ပြည်တွင်းပြည်ပမှ ဖုန်းဖြင့် မေးမြန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးဘသွင် (ဇာသပြင်)
အောင်စကြာဆေးခန်း(ဒလ)
အသက် (၈၃)နှစ်

ချစ်ခင်လေးစားရပါသော အဘိုး ဦးဘသွင် အသက်(၈၃)နှစ်သည် ၂၂-၈-၂၀၀၉ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာဝန်၊ဆရာမများ၊ အောင်စကြာဆေးခန်း၊ ဒလမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဇေကမ္ဘာကုမ္ပဏီလီမိတက် မော်တော်ယာဉ်ဌာနမှ အထွေထွေမန်နေဂျာ ဦးတင့်လွင် အသက်(၇၃)နှစ်သည် ၂၂-၈-၂၀၀၉ ရက်(စနေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဇေကမ္ဘာကုမ္ပဏီလီမိတက်။

ဦးကျော်လွင်

ဥက္ကဋ္ဌ(ငြိမ်း)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့
အသက် (၇၇)နှစ်

သာစည်မြို့၊ သနပ်ကန်ကျေးရွာနေ ဒေါ်ခန့်၏သား၊ ဦးသောင်း-ဒေါ်တုပ်တို့၏ အစ်ကို၊ ဦးသက်ခိုင်-ဒေါ်ရီမြင့်၊ ဦးသက်နိုင်၊ ဒေါ်ခင်စန္ဒာလွင်(နည်းပြ၊ စီမံခန့်ခွဲမှုပညာဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ ဦးကျော်သူရလွင်-ဒေါ်မြတ်မြတ်ထွေး(ခ)မပေါက်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ကြည်စိန် (စပါယ် ဓာတ်ပုံတိုက်)၏ခင်ပွန်းသည် ၁၈-၈-၂၀၀၉ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၀၉ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုံး

(စမ်းချောင်း)
ဒေသစိတ်ကုန်သွယ်ရေး၊ ဗိုလ်တထောင်(ငြိမ်း)
အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ အမှတ် ၅၊ ခြောက်လွှာ(ဝဲ)၊ စမ်းရေတွင်းလမ်းနေ (ဦးသိန်း-ဒေါ်အေးမြိုင်)တို့၏ သမီးကြီး၊ (ဦးဘတူ-ဒေါ်စောခင်)တို့၏သမီးချွေးမ၊ ဦးစိန်မြင့်(ကုန်သွယ်/ပုံနှိပ်၊ ငြိမ်း)၏ဇနီး၊ ဦးဇင်း ဦးဒေဝိန္ဒ(မုဒုံ)၏မယ်တော်၊ မခင်စုစုလှိုင်(MFTB)၊ (မောင်ဝေဖြိုး)၊ မမိုးပြည့်ပြည့်လှိုင်၊မောင်အေးကိုကိုတို့၏မိခင်သည် ၂၂-၈-၂၀၀၉ရက်(စနေနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

သုံးနှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ကျောင်း ဒါယကာကြီး
တန်တင်ကွန်း(ခ)ဦးတင်ဝင်း

ချယ်ရီ စားပွဲရုံ၊ ABC၊ စနိုးဝှိုက် မက်မန်းနှင့်သစ်သီးယိုစုံလုပ်ငန်း၊ ခေတ်ဆန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ အောင်ပန်းမြို့။

"မိသားစုအပေါ် မေတ္တာတရား ကြီးမားစွာဖြင့် လိုလေသေးမရှိအောင် ချစ်ခင် စောင့်ရှောက်ပေးခဲ့သော ဖေဖေ" ဖေဖေမိသားစုကိုခွဲခွာသွားရသည်မှာ ၂၆-၈-၂၀၀၉ ရက်တွင် သုံးနှစ်ပြည့်ခဲ့ပါပြီ။ ဖေဖေရဲ့ ကြီးမြတ်တဲ့မေတ္တာတရားနှင့် ကျေးဇူးတရားများကို နေ့စဉ်အမြဲ သတိရလျက်ရှိပါတယ်။

ဖေဖေ့အတွက်ရည်စူးပြီး နေ့စဉ်ပြုလုပ်ခဲ့သောကောင်းမှုကုသိုလ်အားလုံးကို ဖေဖေ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှရရှိခံစားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ...

ချစ်ဇနီး	-	**ဒေါ်ကျင်ရီ(ခ)ဒေါ်ကွေအင်း**
သားသမီးများ	-	**ကိုစိုးသိန်း-မတင်တင်ဦး**
		(Cherry Business Group)
		ဒေါက်တာ ရဲမြင့် (Consultant Physician-NYGH) - မအေးအေးဝင်း၊
		ဒေါက်တာကျော်မြင့်(Specialist AS Urology-NYGH) - မစန္ဒာဝင်း၊
		ကိုစိုးနိုင်-မခင်ခင်လင်း (Cherry စားပွဲရုံ)၊
		မယဉ်ယဉ်နွယ်-ကိုကျော်ကျော်လွင်နှင့် မြေးများ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

ကရင်ပြည်နယ်အတွင်း အကြီးဆုံး ရေဘုတ်ဆည် ရေလှောင်တမံ မြေထိန်းနံရံ ကျောက်သားစီပြီးစီးမှုမြင်ကွင်းကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

ဒေသဖွံ့ဖြိုး အလှတိုးနေသည့် မြို့လှိုင်းဘွဲ

➤ သတင်းဆောင်းပါး - ဝင်းရွှေ ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၅

လှိုင်းဘွဲမြို့နယ်သည် ကရင်ပြည်နယ် ဘားအံခရိုင်တွင် ပါဝင်သည်။ ဧရိယာစတုရန်း မိုင်ပေါင်း ၁၆၇၁ ဒသမ ၇၄ မိုင်ကျယ်ဝန်းပြီး လူဦးရေသုံးသိန်းကျော် နေထိုင်ကြသည်။ တောင်နှင့်မြောက် ၈၅မိုင်၊ အရှေ့နှင့်အနောက် ၄၆ မိုင် ရှည်လျားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးပါလျှင် ဆီးချို၊ သွေးချို လျော့နည်းကျဆင်းစေနိုင်

နေ့စဉ် လမ်းလျှောက်လေ့ကျင့်ခြင်းကို နာရီဝက်ခန့် ပြုလုပ်ပေးပါက ဆီးချိုနှင့် သွေးချိုရောဂါ သက်သာလျော့ကျစေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

တစ်ဦးတည်းလေ့ကျင့်

ထို့အတူ နေအိမ်အတွင်း လမ်းလျှောက်စက်ဖြင့် တစ်ဦးတည်းလမ်း *စာမျက်နှာ ၆ ကော်လံ ၁* ■

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် လူနာတစ်ဦးထပ်မံတွေ့ရှိ

ရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၆ ဦးရှိပြီ လူနာတစ်ဦး ဆေးရုံမှထပ်မံဆင်းခွင့်ပြုလိုက်ပြီဖြစ်

နေပြည်တော် ဩဂုတ် ၂၅

စင်ကာပူနိုင်ငံမှ ပြန်လာသူ အသက် ၁၆ နှစ်အရွယ် အမျိုးသား တစ်ဦးဖျားသဖြင့် ဩဂုတ် ၂၄ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူခဲ့ကြောင်း လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုး တွေ့ရှိရကြောင်း၊ အဆိုပါ အမျိုးသားမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၂၆ ရက်တွင် ခရီးစဉ်အမှတ် MI-520 ဖြင့် ရောက်ရှိလာသူဖြစ်ပြီး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသည့် ၂၆ဦးမြောက်လူနာဖြစ်ကြောင်း သိရှိရသည်။ *စာမျက်နှာ ၅ ကော်လံ ၆* ✻